### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ



# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ



### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၁၅)

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့



## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov စာမျက်နှာ ၅ ကော်လံ ၁ ✭

## အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

စာ - ၄ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်)

## ပညာရေးကဏ္ဍတိုးတက်မြင့်မားမှုမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆီသို့

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းသို့ချီတက်လျက်ရှိရာတွင် ပညာရေးကဏ္ဍသည် အဓိကကျလှသည်။ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း”က ဆိုသည့်ဆောင်ပုဒ်အတိုင်းအတန်းပညာရှိမှသာ စည်းကမ်းကောင်းမွန်သည့်နိုင်ငံသားများ များပြားလာမည်ဖြစ်ပြီး နိုင်ငံတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် နိုင်ငံတော်၏အခြေအနေများကို အသေးစိတ်ဖော်ပြထားသည်ကိုတွေ့မြင်ရသည်။ ထို့ကြောင့် နိုင်ငံတော်၏ပညာရည်မြင့်မားရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏သမိုင်းကြောင်းတွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံမတည်ငြိမ်မှုဖြစ်စဉ်များတွင် ပညာရေးဆိုင်ရာအားနည်းချက်သည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား အမှာစကားပြောကြားစဉ် **“ပညာရေးကဏ္ဍမြှင့်တင်ရေးကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများမှစတင်၍ နိုင်ငံတော်အလံအလေးပြုခြင်းများကို နေ့စဉ်ဆောင်ရွက်ရခြင်းအားဖြင့် နိုင်ငံချစ်စိတ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်ရသူများအနေဖြင့် နိုင်ငံချစ်စိတ်များ တစ်စတစ်စလျော့နည်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေစေရေး နိုင်ငံသားအားလုံး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းစဉ်များဖြင့်သာ ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ နိုင်ငံသားအားလုံးစဉ်းစားတွေးခေါ်နိုင်စွမ်းများမြင့်မားလာစေရေး အတန်းပညာ၊ အတတ်ပညာ၊ အသိပညာများမြင့်မားလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတန်းပညာတက်ရောက်ရန်မဖြစ်နိုင်တော့သည့် အရွယ်လွန်သည့်ပြည်သူများအား စာကြည့်တိုက်များဖွင့်လှစ်၍ ကျောင်းပြင်ပ ပညာရေးဖြင့် အသိပညာများမြင့်မားလာအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စာအုပ်စာပေများထုတ်ဝေရာ ရေးသားခြင်းနှင့် သတင်းစာ၊ ဂျာနယ်များ၌ ဆောင်းပါးများရေးသားရာတွင်လည်း အများပြည်သူနားလည်နိုင်သည့်အသုံးအနှုန်းများကိုအသုံးပြု၍ ရေးသားကြရန်လိုကြောင်း၊ စာဖတ်သူများနားလည်သိရှိမှသာ ၎င်းတို့အတွက်အကျိုးရှိမည့် အသိပညာများကိုရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်မှုရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၌ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ နိုင်ငံ့ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့တစ်ခုချင်းစီသော်လည်းကောင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက်သော်လည်းကောင်း ပညာသည်မရှိမဖြစ်သည့်အရာဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်များမရှိဘဲ မည်သည့်လုပ်ငန်းမှရာနှုန်းပြည့်အောင်မြင်နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းတတ်ကျွမ်းသည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည်။ ထို့အတူ အခြေခံပညာအလယ်တန်းအဆင့်တွင်လည်း စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာရပ်များကို သင်ကြားပေးရန် စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားသည့်အခါတိုင်း ပညာရေးကဏ္ဍ၏အရေးကြီးပုံကို အလျဉ်းသင့်သလို ထည့်သွင်းပြောကြားလေ့ရှိသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာကြည့်လျှင် ပညာရေးကဏ္ဍအားနည်းမှုကြောင့် တိုးတက်မှုနှေးကွေးခြင်းအကျိုးရလဒ်များနှင့် ကြုံတွေ့နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများအနေဖြင့် ပညာရေးကိုအဓိကအားပေးခြင်း၊ ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံထားခြင်းတို့ကြောင့် နိုင်ငံကိုဦးဆောင်သူများနှင့်ပြည်သူများမှာ အသိဉာဏ်ပညာမြင့်မားပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံကိုခေတ်နှင့်အညီ လိုက်ပါတိုးတက်လာအောင် ပညာရေးကို အဆက်မပြတ်မြှင့်တင်ပေးနေသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့်အဖြစ်အပျက်များနှင့် ပဋိပက္ခများကိုသုံးသပ်ကြည့်လျှင် အခြေအနေအားဖြင့် တစ်ဦးချင်းအတန်းပညာအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာတွေ့ရှိနိုင်သည်။ အတန်းပညာအားနည်းမှုကြောင့် စည်းကမ်းလိုက်နာမှုနှင့် တွေးခေါ်မြော်မြင်မှုအားနည်းခြင်း၊ ကျေးလက်နှင့် တိုင်းရင်းသားဒေသမှပြည်သူများ အမှားဘက်သို့ရောက်ရှိလွယ်ခြင်း၊ နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်နိုင်မှုအားနည်းသောကြောင့် ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများကြားတွင် ပဋိပက္ခများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပညာရေးကဏ္ဍတိုးတက်မြင့်မားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

( က ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

( ဃ ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ဥပဒေအမှတ် ၉ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က)၊ (ဋ)၊ (ဍ) နှင့် (ဎ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက် ကောက်ခံသည့်အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။

(ဋ) **အယူခံမှု** ဆိုသည်မှာ အခွန်ကို တာဝန်ယူကောက်ခံသည့် သို့မဟုတ် အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက အခွန်ဆိုင်ရာဥပဒေအရ ချမှတ်သော အခွန်ဆိုင်ရာအပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကို သော်လည်းကောင်း၊ အကောက်ခွန်ဆိုင်ရာ ဥပဒေအရချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိ၍ ခုံအဖွဲ့သို့ အယူခံတင်သွင်းသည့် အမှုကိုဆိုသည်။

(ဍ) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတွင် ခုံအဖွဲ့ကချမှတ်သော အမိန့်နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးရန် ခုံအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ တင်သွင်းသည့်အမှုကို ဆိုသည်။

(ဎ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုကို စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းရန် အကြောင်းပေါ်ပေါက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့ရမည့်အမှုကို ဆိုသည်။

( ခ ) ပုဒ်မခွဲ (တ) နောက်တွင် ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ဝန်ကြီးဌာနကို ဆိုသည်။"

၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် သက်ဆိုင်သည့်နယ်ပယ်အဖွဲ့ဝင်များတွင် ညွှန်ကြားရေးမှူးအဆင့်နှင့် အထက်ရာထူးရှိပြီး အရာထမ်းလုပ်သက်အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဖြစ်ရွေးချယ်သတ်မှတ်သူ"

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၂။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့သည် လွှဲအပ်မှုအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် အကြောင်းပေါ်ပေါက်ခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် –

(က) ခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ် အမှု၌ ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိချက်အရ တင်ပြလာခြင်းဖြစ်ပါက စိစစ်ဆုံးဖြတ်ရမည်။

( ခ ) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း ဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားခြင်းဖြစ်ပါက ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။"

၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်–

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်းဆုံးဖြတ်ပါကပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အဆုံးအဖြတ်ရယူနိုင်ရန် အမှုကိုလွှဲအပ်ပေးပို့ရမည်။

( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက–

(၁) ခုံအဖွဲ့က ကြားနာစစ်ဆေးနေဆဲအမှုဖြစ်ပါက အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်စေရမည်။

(၂) လျှောက်ထားသူ သို့မဟုတ်လျှောက်ထားခံရသူက တင်ပြလျှောက်ထားသော အမှုဖြစ်ပါက ပလပ်ကြောင်းအမိန့်ချမှတ်ရမည်။"

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တွင်ပါရှိသော "စာရွက်စာတမ်း"ဆိုသည့် စကားရပ်ကို "စာတမ်းအမှတ်အသား"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကချမှတ်ထားသော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်များ သို့မဟုတ် မူလခုံအဖွဲ့ကချမှတ်သော အမိန့်အပေါ်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

၈။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်။

"(ဂ) သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးအရာရှိအဆင့်အောက် မနိမ့်သောပုဂ္ဂိုလ်သည် အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့သို့လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း၊ လျှောက်လဲချက်ပေးခြင်းတို့ပြုနိုင်သည်။"

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ၏ အခန်း(၆)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်–

"ကြားနာခြင်း၊ ဆုံးဖြတ်ချက်၊ အမိန့်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း"

၁၀။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) လွှဲအပ်မှုမှတစ်ပါး အမှုများကို ကြားနာစစ်ဆေးရာတွင် ခုံအဖွဲ့တစ်ဖွဲ့လျှင် မိမိအပါအဝင်ဖြစ်စေ၊ အခြားအဖွဲ့ဝင်များဖြင့်ဖြစ်စေ ခုံအဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းရမည်။"

၁၁။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၂ တွင်–

(က) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဃ) ကြားနာသောအမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏နေ့စဉ်ဆောင်ရွက်ချက်များကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသူကမှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်က လက်မှတ်ရေးထိုးထားရှိရမည်။"

( ခ ) ပုဒ်မခွဲ(င)ကို ပယ်ဖျက်ရမည်။

၁၂။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၂၂-က။ ခုံအဖွဲ့သည် အမှုကို ကြားနာခြင်း၊ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့်အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သရွေ့ ရည်ညွှန်းသုံးစွဲနိုင်သည်။

၁၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၄ တွင်ပါရှိသော "ဆုံးဖြတ်ချက်" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ တွင်ပါရှိသော "စီရင်ချက်အမိန့်"ဆိုသည့် စကားရပ်တို့ကို "အမိန့်"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၂၅။ အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုး၍ ရက်စွဲတပ်ထားသောအမိန့်ကို ခုံအဖွဲ့က အများပြည်သူရှေ့မှောက်တွင် ချမှတ်ခြင်း သို့မဟုတ် ခုံအဖွဲ့ရုံးက နှစ်ဖက်အမှုသည်များထံ စာဖြင့် ပေးပို့ခြင်းနှင့်ပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၁၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၃၀။ ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့် သက်ဆိုင်သည့် အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်တစ်နှစ်ပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရမည်။"

၁၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၂ တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ညနေပိုင်းတွင် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည့် အစည်းအဝေးခန်းမကြီး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုရာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က လွှတ်တော် ကိုယ်စားလှယ်များနေရာချထားမှု၊ အသံစနစ်များ၊ မဲပေးသည့်စနစ်များနှင့်လုံခြုံရေး ကင်မရာများတပ်ဆင်ထားရှိမှု၊ သက်ဆိုင်ရာရေးရာကော်မတီအလိုက်အစည်းအဝေး ခန်းများပြင်ဆင်ထားရှိမှု၊ လွှတ်တော် ကိုယ်စားလှယ်အိပ်ဆောင်များအဆင်သင့် ပြင်ဆင်ထားရှိမှုနှင့် မတ်လ ၂၀ ရက်တွင် စတင်ကျင်းပမည့် တတိယအကြိမ် ပဲခူး တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များစတင်ရောက်ရှိချိန်မှစ၍ နေထိုင်စားသောက်မှု အဆင်ပြေစေရန်၊ ရေမီးပြည့်စုံမှုရှိစေရေး ပြင်ဆင်ထားရန်၊ လွှတ်တော်ကိုယ်စားလှယ်များ၏လက်စွဲစာစောင်များတစ်ပါတည်း ဝေငှပေးထားရန်၊ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းစသည့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းစွာသိရှိနိုင်ရေးကြိုတင်ပြင်ဆင်ထားရှိရန် ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥသျှာတိုင်းသား

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများ စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**နေပြည်တော်**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်

**အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း**

၂၀၂၅- ၂၀၂၆ ပညာသင်နှစ်၊ အခြေခံပညာအဆင့် နဝမတန်း၊ ဒသမတန်း၊ ဧကာဒသမတန်းနှင့် ဒွါဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

**အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သြဂတ်စတင်းနန်နော် | အထက(ခွဲ)လ(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မလဗျဆိုင်းဘောက်မိုင် | အထက(ခွဲ)လ(၃)မြစ်ကြီးနား | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်ထွန်းအောင်ကျော် | အထက- နောင်ကိုင်တော် | မိုးကောင်း | မိုးညှင်း |
| ၄ | မမြတ်ပန်းမဥ္ဇူ | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ဖုန်ဆန်းအောင် | အထက- လေယာဉ်ကွင်း | ပူတာအို | ပူတာအို |
| ၆ | မအမ်မငိုင်းဆိုင်း | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၇ | မောင်ဇွဲအုပ်စိုး | အလက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၈ | မဖလော်ရာစိုးမိုးသူ | အထက(၂)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၉ | မောင်သူရအောင် | ကပက- မြတ်သောအမွေ | လှိုင်းဘွဲ့ | ဘားအံ |
| ၁၀ | နော်ဆုလာဘ်ဦး | ကပက- မြတ်သောအမွေ | လှိုင်းဘွဲ့ | ဘားအံ |
| ၁၁ | မောင်မြတ်ဘုန်းဇံ | အထက(၃)မြဝတီ | မြဝတီ | မြဝတီ |
| ၁၂ | မောင်ဘွဲ့လျှန်ကျုံး | အထက(၁)ဟားခါး | ဟားခါး | ဟားခါး |
| ၁၃ | မမန်းခန့်နွမ်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၄ | မောင်မင်းချစ်သူ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မခိုင်စုရီသန့် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၆ | မောင်ဟိန်းခန့်ဇော် | အထက- ကျွန်းလှ | ကျွန်းလှ | ကန့်ဘလူ |
| ၁၇ | မဟန်ယုစံ | ကပက- မြင့်မိုရ် | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မောင်ကောင်းသုတ | အထက-ချောင်းဦး | ချောင်းဦး | မုံရွာ |
| ၁၉ | မလင်းနေခြည်ဖြိုး | ကပက- TOP | မုံရွာ | မုံရွာ |
| ၂၀ | မောင်ဝင်းမင်းအောင် | အထက(၃) ကလေး | ကလေး | ကလေး |
| ၂၁ | မအိမ့်ကြည်ဖြူမျိုး | အထက(၆) ကလေး | ကလေး | ကလေး |
| ၂၂ | မောင်မြတ်ဘုန်းမောင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၃ | မကေဇင်ယုဆွေ | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၄ | မောင်ဝေယံဖြိုး | အထက-သရက်ချောင်း | သရက်ချောင်း | ထားဝယ် |
| ၂၅ | မဆုမြတ်နိုးဇော် | ကပက-ဆရာမိုးဒီ | ထားဝယ် | ထားဝယ် |
| ၂၆ | မောင်ရန်ပိုင်ဦး | အထက(၃)မြိတ် | မြိတ် | မြိတ် |
| ၂၇ | မဇင်မြတ်ချယ်ရီ | ကပက-မြင်းမိုရ် | မြိတ် | မြိတ် |
| ၂၈ | မောင်ဖြိုးဟန်စိုး | အထက(ခွဲ)လ(၂)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၉ | မယွန်းရွှေရည်မိုး | အထက(ခွဲ)လ(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၃၀ | မောင်ဇွဲဝေလျှံထွဋ် | အထက(၃)၊ ပဲခူး | ပဲခူး | ပဲခူး |
| ၃၁ | မောင်သူရိန်ထွန်း | အထက-အုတ်တွင်း | အုတ်တွင်း | တောင်ငူ |
| ၃၂ | မောင်ရှိုင်းမြတ်မောင် | အထက-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၃၃ | မောင်ဘုန်းမြင့်မြတ် | ကပက-ဥယျာဉ်မှူး | မကွေး | မကွေး |
| ၃၄ | မမေကိုကို | ကပက-ဥယျာဉ်မှူး | မကွေး | မကွေး |
| ၃၅ | မအိအိငြိမ်းပြည့် | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၃၆ | မအေးပြည့်စုံဖွေး | အထက(၂)ချောက် | ချောက် | ချောက် |
| ၃၇ | မောင်မြင့်မြတ်သူ | အထက(ခွဲ)ပျဉ်းပင်လှ | အောင်လံ | အောင်လံ |
| ၃၈ | မရွှေရည်လင်းလက် | အထက- ကျော်စွာ | အောင်လံ | အောင်လံ |
| ၃၉ | မောင်ရာဇာဘုန်းမြတ် | အလက(၃)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၀ | မနိုးနိုးဝေ | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၁ | မောင်လင်းလွန်းဖြူ | ကပက- သူရသီဟ | ပြည်ကြီးတံခွန် | မဟာအောင်မြေ |
| ၄၂ | မရှင်းမွန်ဖူး | ကပက- VEC | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၄၃ | မောင်ဖြိုးသီဟကျော် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၄၄ | မမြတ်နိုးဝေ | ကပက- ကြယ်စင်မင်း | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၄၅ | မောင်ထက်အာကာကျော် | ကပက- ရွှေစာဝိုင်း | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၄၆ | မောင်ဇော်ထူးလွင် | ကပက- UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၄၇ | မောင်ဝေယံမိုး | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၄၈ | မအိမ့်ကြယ်စင်လင်း | ကပက- UNITY | မြင်းခြံ | မြင်းခြံ |
| ၄၉ | မောင်ရဲရင့်ဖြိုး | အထက(၁)မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ |
| ၅၀ | မနှိုင်းသီရိခေတ် | ကပက- အိုအေစစ် | မိတ္ထီလာ | မိတ္ထီလာ |
| ၅၁ | မောင်ခန့်သူရိန်ကျော် | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၅၂ | မောင်စောစေးဝါး | အထက(၂)သထုံ | သထုံ | သထုံ |
| ၅၃ | မဆုအိမ်လင်း | ကပက- PHOO | ကျိုက်ထို | ကျိုက်ထို |
| ၅၄ | မပွင့်သဇင်သင်း | အထက(၁) ရေး | ရေး | ရေး |
| ၅၅ | မောင်မြင့်မြတ်အောင် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | သဃ်္ဃန်းကျွန်း |
| ၅၆ | မနန်းဆိုင်ဖူး | အထက(၂)ရန်ကင်း | ရန်ကင်း | သဃ်္ဃန်းကျွန်း |
| ၅၇ | မောင်အောင်မင်းခန့် | အထက(၂)သာကေတ | သာကေတ | ဗိုလ်တထောင် |
| ၅၈ | မောင်ရဲကျော်စွာနိုင် | အထက(၃)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၅၉ | မသွန်းနဒီဦး | အထက(၆)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၆၀ | မောင်မြင့်မြတ်မောင် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၁ | မလင်းလက်ဖြိုး | အလက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၂ | မလင်းလက်ဆုပြည့် | အထက(၂)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၆၃ | မောင်ဟိန်းမြတ်ပြည့်သျှံ | အထက(၂)ကမာရွတ် | ကမာရွတ် | ကမာရွတ် |
| ၆၄ | မစုစုဝင်းကျော် | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၆၅ | မောင်ညီမင်းခန့် | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၆ | မောင်ဇွဲပိုင်ဆက် | အထက-ခနောင်တို | ဆိပ်ကြီးခနောင်တို | တွံတေး |
| ၆၇ | မောင်စစ်မင်းသန့် | အထက-လှည်းကူး | လှည်းကူး | လှည်းကူး |
| ၆၈ | စောလားဘွယ်ထူး | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၆၉ | မရွှန်းပြည့်သော်တာ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၀ | မောင်အောင်မင်းဆန်း | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၁ | မသံဇဉ်ချို | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၂ | မောင်သိန်းစိုးအောင် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၇၃ | မောင်ထက်ဘုန်းပြည့်ရံ | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၇၄ | မခင်စန္ဒာလင်း | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၇၅ | မောင်အံ့ဘုန်းမော် | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၇၆ | မမေသင်းခိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၇၇ | မောင်ခန့်ညီညီဥက္ကာ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၇၈ | မဆောင်းကူးမေ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၇၉ | မောင်လမင်း | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၀ | မဖူးဖူးစံ | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၁ | နန့်လင်းလဲ့ဟန် | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၈၂ | မောင်လင်းထက်ဇေယျာ | အထက-ရွာသစ်တောင် | ဟင်္သာတ | ဟင်္သာတ |
| ၈၃ | မယွန်းမြတ်ဖူး | ကပက- ကြယ်တံခွန် | ဟင်္သာတ | ဟင်္သာတ |
| ၈၄ | မောင်ဟိန်းသန့်ဇော် | အထက-မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၈၅ | မဆုရတီထွန်း | အထက-ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၈၆ | မောင်အောင်ခန့်ဇော် | အထက(၁) ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၈၇ | မအိမြတ်ဖြူစင် | အထက(၁) မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၈၈ | မောင်အောင်ဘုန်းမြတ် | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၈၉ | နော်သက်ဆုရှင် | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၉၀ | မောင်ဇွဲမြတ်ပိုင်လင်း | အလက(၂)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၉၁ | မစုရတီမြင့် | အထက-မြင်းကကုန်း | ဘိုကလေး | ဖျာပုံ |
| ၉၂ | မဆုဖြူစင် | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၉၃ | မောင်အောင်စွမ်းပြည့် | ကပက-စိုးစံ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၄ | မမြတ်သီရိမောင် | အထက(၁၁)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၅ | မောင်အောင်ပြည့်ဖြိုး | အထက(၁၃)ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၉၆ | မရွှန်းလဲ့လဲ့ဘုံ | အထက-ရေဆင်း | ဇေယျာသီရိ | ဇေယျာသီရိ |

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

☆ **ရှေ့ဖုံးမှအဆက်**

ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ ဒုတိယအထွေထွေ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်းနှင့် မြန်မာအာကာသ အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာ နည်းပညာအသုံးပြုမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့်အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာကာသပြတိုက်(ရန်ကုန်)ကို အဆင့်မြှင့်တင်နိုင်ခဲ့မှုနှင့် လူငယ်များအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာကြည့်ရှုလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့်အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မျိုးဆက်သစ်လူငယ်များအား အာကာသနည်းပညာဆိုင်ရာ ဗဟုသုတများပိုမိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာကာသနည်းပညာနှင့်သက်ဆိုင်သည့် ပညာတော်သင် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၆)ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့်တက်ရောက်ကြသည်။



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)တွင် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ "စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့်အလေးထားလိုက်နာဆောင်ရွက်ကြရန်ဦးစွာမှာကြားလိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိပြီး ဥပဒေအရ အသက်သတ်မှတ်ချက်နှင့်ကိုက်ညီအကျုံးဝင်သူများအနေဖြင့်သတ်မှတ်ကာလအလိုက်အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဖွဲ့များအနေဖြင့်လည်း ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ထဲမှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၇၄ ဦးထိ ရှိပြီဖြစ်ကြောင်း၊ လက်ရှိချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်သုံးခု ဖွင့်လှစ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးဆိုင်ရာမသမာမှုများမရှိစေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိစေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန်လိုကြောင်း၊ ထို့အတူ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးစားဆောင်ရွက်နေသူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မမှန်သတင်းများဖြင့်လည်းကောင်း၊ တစ်ဆင့်ကြားသိရသည့်သတင်းမှားများဖြင့်လည်းကောင်း တိုင်ကြားမှုများရှိနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန်တိုင်ကြားခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန်လိုအပ်ကြောင်း၊ မမှန်မကန်တိုင်ကြားသဖြင့် တိုင်ကြားသူကို အရေးယူခဲ့ရသည်များလည်းရှိပြီး အရေးယူရန်ဆောင်ရွက်ဆဲအမှုများလည်းရှိကြောင်း၊ အလားတူလေ့ကျင့်ရေးသင်တန်းကျောင်းများသို့ မပို့ဆောင်မီစုရပ်များတွင် စိစစ်ရာ၌ အသက်မပြည့်သေးသူများ၊ အသက်ကျော်လွန်သူများတွေ့ရှိရသဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ရသည်များရှိ၍ စစ်မှုထမ်းသက်နှင့်အကျုံးဝင်သူများကို သေချာစွာစိစစ်ဆင့်ခေါ်ရန်လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ကြားခံလူများက ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်မှုများနှင့် မတရားပြုလုပ်ခြင်းများမှန်ကန်ပါက ထိရောက်စွာအရေးယူသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လက်ရှိအနေအထားတွင်လည်း အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယား မှန်ကန်ရန်နှင့် ရေရှည်တွင်မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System – NSIMS)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အလေးထားစိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ခွင့်ပြုခဲ့သူများမှ ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စနစ်တကျမှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့်ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ထို့နောက်သတ်မှတ်အချိန်ကာလအတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး တပ်မတော်မှနုတ်ထွက်ခဲ့သူများမှ ပြန်လည်နေရာချထားမှုခံယူလိုသူများအတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"ကို ဖွဲ့စည်းထားကြောင်း၊ ယင်းစီမံခန့်ခွဲမှု ကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီငါးခု ဖွဲ့စည်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ရုရှား-မြန်မာ အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး



ရုရှား-မြန်မာ အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ (ROSCOSMOS) နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီလ ၂၅ ရက်တွင် မြန်မာအာကာသအေဂျင်စီ (MSA)၌ မြန်မာအာကာသအေဂျင်စီအမှုဆောင် အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ ရုရှား-မြန်မာအာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုပြုလုပ်ခဲ့သည်။

ထို့နောက် Mr. Dmitry V. Bakanov နှင့်အဖွဲ့သည် မြန်မာအာကာသ အေဂျင်စီ (MSA)မှတာဝန်ရှိသူများလိုက်ပါ၍ ဒဂုံမြို့နယ်၊ အလုံလမ်းရှိ အာကာသပြတိုက်၌ လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်မြို့နယ်)မှ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ Mr. Dmitry V. Bakanov က အာကာသနည်းပညာအကြောင်းကို ဟောပြောပို့ချခဲ့ပြီး ခရီးစဉ်တွင်လိုက်ပါလာသည့် ဆိုဗီယက်ပြည်ထောင်စုသူရဲကောင်းဘွဲ့နှင့် ရုရှားနိုင်ငံ၏သူရဲကောင်းဘွဲ့ ချီးမြှင့်ခြင်းခံရသူ အာကာသယာဉ်မှူး Mr. KRIKALEV Sergei Konstantinovich က အာကာသသို့ပျံသန်းခြင်းဆိုင်ရာ အတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်၊ တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်၊ တပ်မတော်(လေ)အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပဖြေဆိုမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၂၆ခုနှစ်၊(၈၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်၊ တပ်မတော်(လေ) အဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြေပြင်အတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ သူရသီဟသူရ အောင်မြတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် တာဝန်ရှိသူများက အရာရှိ၊ အရာခံ၊ အကြပ်အဆင့်ရေးဖြေ ဖြေဆိုမှုနှင့် တပ်သားအဆင့် နှုတ်ဖြေ ဖြေဆိုမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား စုစုပေါင်း ၄၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၏ ဓာတ်အားလက်ခံရရှိမှုနှင့်ဓာတ်အားဖြန့်ဖြူးမှု



**မန္တလေး ဖေဖော်ဝါရီ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ကို အကြမ်းဖက်သောင်းကျန်းသူများ၏ ဝင်ရောက်ဖျက်ဆီးမှုများကြောင့် မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ချွတ်ယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်မှစ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိခဲ့ပါ။

ယခုအခါတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ လုံခြုံရေးတပ်ဖွဲ့များ၏ အကူအညီပေးမှုနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ခရိုင်/မြို့နယ်ရှိဝန်ထမ်းများ၏ အားကြိုးမာန်တက် ဆောင်ရွက်မှုများကြောင့် မတ္တရာမြို့နယ်သို့ အဓိကဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ ဒင်္ဂါးချောင်း(၁) ဓာတ်အားလိုင်း ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မတ္တရာမြို့ပေါ်တွင်ရှိသည့် (5+10) MVA မြို့မခွဲရုံပျက်စီးမှုများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် ပြန်လည်တည်ဆောက်ပြုပြင်ပြီးစီးခဲ့ပြီး မြို့ပေါ်ရှိအရေးကြီးနေရာများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ ဘုန်းကြီးကျောင်းများနှင့် လမ်းမီးများကို ပြုပြင်ပြီးစီးမှုအခြေအနေအရ ပထမအဆင့်အနေဖြင့် ဓာတ်အားပို့လွှတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်ပြီး မတ္တရာမြို့ပေါ်တွင် နေထိုင်သောပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားရရှိရေး၊ လုံခြုံရေးကောင်းမွန်သည့်ကျေးရွာများ ဓာတ်အားပြန်လည်တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက်လည်း ပြုပြင်ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ်များထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် ကသာမြို့နယ်တို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား မြစ်ကြီးနားမြို့ စုပေါင်းရုံးဝင်းရှိ မနောရွှေပြည်ခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်သည်ပြည်နယ်ဝန်ကြီးများနှင့်အတူ ဝိုင်းမော်မြို့နယ် စန်းကား၊ ရွှေညောင်ပင်၊ အောင်မြေ (၁)၊ ဇယ်ခမ်းနှင့် ကျန်းခမ်ကျေးရွာများ၊ ကသာမြို့နယ်၊ ဗန်းမော်မြို့နယ်တို့မှ ယာယီတိမ်းရှောင်၍ မြစ်ကြီးနားမြို့ပေါ်ရှိ ယာယီတိမ်းရှောင်စခန်းများ၌ ခိုလှုံနေထိုင်လျက်ရှိသော အိမ်ထောင်စု ၅၄၁ စုအတွက် ငွေကျပ် ၄၃၂၈၀၀၀၀ သိန်းတန်ဖိုးရှိသည့် ၂၄ ပြည်ပါ ဆန်အိတ် ၅၄၁အိတ် ထောက်ပံ့ပေးအပ်ရာ စခန်းတာဝန်ခံတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အိမ်ထောင်စုများအနေဖြင့် ပျော်ရွှင်စွာနေထိုင်ကြရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်နေထိုင်ကြရန် အလေးအနက်ထားတိုက်တွန်းလိုကြောင်း၊ မိမိတို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စားသောက်မှုအဆင်ပြေစေရေး စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်ကလည်း တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် လစဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယခုအခါ မိုးရာသီရောက်ရှိတော့မည်ဖြစ်သည့်အတွက် အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး ကွင်းဆင်းပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ပြန်/ဆက်

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မုံရွာမြို့၌ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၂၆**

တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများ၏ ဘောလုံး၊ ကရာတေး၊ Fitness Dance သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး သရုပ်ပြသခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၅၀ တက်ရောက်ပြီး အဆိုပါသင်တန်းတွင် အားကစားနည်း ၁၃ မျိုးကို ဖေဖော်ဝါရီလ ၂၆ ရက်မှ မတ်လ ၃၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သြဘာ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မယွန်းသီရိစံကျော် | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်စောနွဲ့ညီညီဇာနည် | အထက-နမ္မတီး | မိုးကောင်း | မိုးညှင်း |
| ၄ | မဟေမာန်ဇွန် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ထက်မြတ်အောင် | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၆ | မထွန်းဇူဇူးမီ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၇ | စောသိန်းထက်စိုး | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၈ | နန်းကြည်စင်ရတနာစိုး | အထက(၃)ဘားအံ | ဘားအံ | ဘားအံ |
| ၉ | မောင်နောင်လျှံဟိန်း | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၀ | နန်းမေဖူးဇော် | အထက(ခွဲ)အောင်မြေရွှေဘုံ | မြဝတီ | မြဝတီ |
| ၁၁ | မောင်ပေါင်မွန့်လျှန်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၂ | မဂိုးလွန်းကျိန် | အထက-တွီးထန် | တီးတိန် | တီးတိန် |
| ၁၃ | မောင်မျိုးသူရိန် | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မမေသံစဥ်ချို | အထက(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၅ | မောင်ရန်ဘုန်းနိုင် | အထက(၂) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မကြိုးကြာလှိုင် | အထက(၁) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၇ | မောင်ထက်ဝေယံအောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မရတီချို | အထက(၂)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၉ | မောင်လပြည့်အောင် | အထက(၁)အလုံ | မုံရွာ | မုံရွာ |
| ၂၀ | မရွှေသဇင်ဝင်းခန့်ကျော် | အထက(၃)မုံရွာ | မုံရွာ | မုံရွာ |
| ၂၁ | မောင်ကျော်သီဟ | အထက(၁) ကသာ | ကသာ | ကသာ |
| ၂၂ | မောင်စွမ်းရည်စိုး | ကပက- ရွှေလမင်း | ကလေး | ကလေး |
| ၂၃ | မဆုပြည့်သဇင် | ကပက -အားမာန် | ကလေး | ကလေး |
| ၂၄ | မောင်ခန့်စည်သူ | အထက - ကတ်သာ | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၅ | မောင်ညီဝေဖြိုး | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၆ | မဗေရယ်ထွန်း | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၇ | မောင်ပြည့်မောင်မောင် | ကပက-ကဇွန်းအင်း | မြိတ် | မြိတ် |
| ၂၈ | မထက်ထက်နန္ဒာဇော် | အထက(၁)ပုလော | ပုလော | မြိတ် |
| ၂၉ | မောင်ဘုန်းခန့်ပိုင် | အထက(ခွဲ)လ(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၃၀ | မောင်ထိန်လင်းအောင် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၁ | မဆုရွှေရည်ထွန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၃၂ | မောင်သုခလှိုင် | ကပက- ကြယ်စင်သစ် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၃ | မယုဇန | အထက(၂)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၄ | မောင်ထက်ဝေယံလင်း | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၃၅ | မယွန်းဝတီခိုင် | အထက-ရေနီ | ရေတာရှည် | တောင်ငူ |
| ၃၆ | မောင်အံ့ထူးသစ် | ကပက-ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၃၇ | မအိမ့်ချမ်းမြေ့ | အထက-မင်းလှ | မင်းလှ | သာယာဝတီ |
| ၃၈ | မောင်ချမ်းမြေ့အောင် | အထက-မြို့မ | ဇီးကုန်း | နတ်တလင်း |
| ၃၉ | မရွှေရည်နှင်း | အထက-မှတ်တိုင် | ပေါင်းတည် | နတ်တလင်း |
| ၄၀ | မောင်ပြည့်လျှံထွန်း | အထက-ရွှေတောင် (စက်၊စိုက်၊မွေး) | ရွှေတောင် | ပြည် |
| ၄၁ | မရွှေဝန်းရံ | အထက-ကြာနီကန် | ရွှေတောင် | ပြည် |
| ၄၂ | မောင်ဟိန်းသူရဗိုလ် | ကပက- မိသားစု | မကွေး | မကွေး |
| ၄၃ | မသန့်နွေးအိမ် | ကပက- IBS | မကွေး | မကွေး |
| ၄၄ | မောင်ပိုင်စိုးဆက်အောင် | ကပက- ပညာအလင်းရောင် | မင်းဘူး | မင်းဘူး |
| ၄၅ | မအိမ့်ပြည့်ဖြိုး | အထက(၂)မင်းဘူး | မင်းဘူး | မင်းဘူး |
| ၄၆ | မောင်လမင်းခန့် | အထက-ကြို့ပင် | ကံမ | သရက် |
| ၄၇ | မထွေးအိဝင်း | အထက-ကြို့ပင် | ကံမ | သရက် |
| ၄၈ | မောင်မြတ်ဘုန်းဇော် | အထက(၁)ရေနံချောင်း | ရေနံချောင်း | ချောက် |
| ၄၉ | မရွှန်းလပြည့် | အထက(၄)ချောက် | ချောက် | ချောက် |
| ၅၀ | မောင်ကြယ်စင်ကိုကို | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၅၁ | မောင်ကောင်းခန့်ထွန်း | အထက(၁)ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၅၂ | မနေခြည်ဝင့်ထည် | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၃ | မောင်စိုင်းမင်းခန့်ညီ | ကပက- Shwe Kant Kaw | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၅၄ | မယွန်းနဒီလင်း | ကပက- စံဟိန်း | မဟာအောင်မြေ | မဟာအောင်မြေ |
| ၅၅ | မောင်လင်းခန့်မောင် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၆ | မထက်ဆုကျော် | ကပက- CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၇ | မောင်ဘုန်းပြည့်ကျော် | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၈ | မအေးညိမ်းရွှေရည် | ကပက- စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၉ | မောင်ဟိန်းထက်အောင် | ကပက- မေတ္တာ | ကျောက်ဆည် | ကျောက်ဆည် |
| ၆၀ | မမိုးမခသော် | ကပက- ပညာစံအိမ် | စဉ့်ကိုင် | ကျောက်ဆည် |
| ၆၁ | မောင်ဝေဖြိုးသော် | အထက(၄)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၆၂ | မနှင်းဧကရီ | ကပက- မြတ်မဟော် | မြင်းခြံ | မြင်းခြံ |
| ၆၃ | မောင်ဘုန်းခန့်ပိုင် | ကပက- မိသားစု | မလှိုင် | မိတ္ထီလာ |
| ၆၄ | မအေးရွှန်းလဲ့မောင် | အထက-ဝမ်းတွင်း | ဝမ်းတွင်း | မိတ္ထီလာ |
| ၆၅ | မနန္ဒာရွှန်းလဲ့ | အထက(၁)ပျော်ဘွယ် | ပျော်ဘွယ် | ရမည်းသင်း |
| ၆၆ | မောင်စွမ်းခန့်နောင် | ကပက- ရွှေညာဏ်ရှင် | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၇ | မဆုယူလင်း | ကပက- ရွှေညာဏ်ရှင် | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၈ | မောင်လင်းပြည့်ဘုန်း | အထက-ပေါင် | ပေါင် | သထုံ |
| ၆၉ | မိဆုကဗျာဖြူ | အထက-ပေါင် | ပေါင် | သထုံ |
| ၇၀ | မောင်ပြည့်ဘုန်းမြင့် | ကပက- ပါရမီ | မော်လမြိုင် | မော်လမြိုင် |
| ၇၁ | မဝိုင်းသဥ္ဇာထက် | အထက- ပc | သံဖြူဇရပ် | မော်လမြိုင် |
| ၇၂ | မမြတ်အိအိမွန် | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၇၃ | မောင်သူရမောင် | ကပက- Premium Dason | သဃ်န်းကျွန်း | သဃ်န်းကျွန်း |
| ၇၄ | မဖြိုးသန္တာအေး | ကပက- မြင့်မြတ်ပညာ | တောင်ဥက္ကလာပ | သဃ်န်းကျွန်း |
| ၇၅ | မောင်ညာဏ်လင်းထက် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၇၆ | မငြိမ်းဆုနှစ်အောင် | အထက(၄)ပုဇွန်တောင် | ပုဇွန်တောင် | ဗိုလ်တထောင် |
| ၇၇ | မောင်ချမ်းမြေ့ဇင် | အထက(၃)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၇၈ | မမေလင်းကိုကို | အထက(၄)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၇၉ | မောင်ထူးအောင်လှိုင် | ကပက- D.YEC | မှော်ဘီ | မှော်ဘီ |
| ၈၀ | မောင်လင်းပြည့်သီဟ | ကပက- ထိပ်ဖျားရောက် | လမ်းမတော် | ကျောက်တံတား |
| ၈၁ | မမေမြင့်မိုရ်ကြည် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၂ | မောင်သူရိန်မြတ်သူ | အထက(၄)အလုံ | အလုံ | အလုံ |
| ၈၃ | မနန္ဒာဝင့်ကျော် | အထက(၄)အလုံ | အလုံ | အလုံ |
| ၈၄ | မောင်ညာဏ်ဘုန်းရွှေ | အထက- လှော်ကျင့်ရေး | ကမာရွတ် | ကမာရွတ် |
| ၈၅ | မဖူးသဥ္ဇာမောင် | အထက(၂)ဗဟန်း | ဗဟန်း | ကမာရွတ် |
| ၈၆ | မောင်မြင့်မြတ်မောင် | အထက(၂)သန်လျင် | သန်လျင် | သန်လျင် |
| ၈၇ | မရွှေရည်ရွှန်း | အထက(၁)ခရမ်း | ခရမ်း | သန်လျင် |
| ၈၈ | မောင်ဇွဲခန့်လွင် | ကပက- ဟာမိုနီ | ဒလ | တွံတေး |
| ၈၉ | မချောစုစုလှိုင် | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၉၀ | မောင်စည်သူလင်းထက် | အထက(၂)အင်းစိန် | အင်းစိန် | အင်းစိန် |
| ၉၁ | မအိမ့်ချမ်းမြေ့သူ | ကပက- မြင့်မြတ်စံ | အင်းစိန် | အင်းစိန် |
| ၉၂ | မောင်ညာဏ်လင်းဖြိုး | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၃ | မကြယ်စင်သင်း | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၄ | မောင်စည်သူထိုက် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၅ | မထက်ထက်အောင် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၆ | မောင်ပြည့်ခန့်ဇော် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၉၇ | မယုမီမီအောင် | အထက-ပင်းတယ | ပင်းတယ | ပင်းတယ |
| ၉၈ | စိုင်းအွမ်ပင်းမှိုင်း | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၉၉ | မမြတ်ဖူးဝေ | အထက(၁)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၀၀ | စိုင်းအွမ်မိန်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၁ | မဆောင်းနဒီ | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၀၂ | မောင်အောင်မြင့်မြတ် | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၃ | မဆွေဇင်ဦး | အထက(ခွဲ)လ(၅)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၄ | မောင်မြင့်မြတ်ဖြိုး | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၅ | မခင်စန္ဒီမောင် | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၆ | မောင်အောင်သူရဦး | ကပက-အောင် | မူဆယ် | မူဆယ် |
| ၁၀၇ | မဖြိုးရတနာကျော် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၀၈ | မောင်မောင်မောင်တည်ငြိမ်းချမ်း | ကပက-ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၀၉ | မရတနာဖြိုး | ကပက-ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၀ | မောင်ဧယျာလင်း | အထက-မိုင်းယု | မိုင်းယောင်း | မိုင်းယောင်း |
| ၁၁၁ | မအေးပွင့်ဖြူ | အထက-ဟောင်လိတ် | တာချီလိတ် | တာချီလိတ် |
| ၁၁၂ | စိုင်းဆိုင်ဖွန် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၃ | မောင်လင်းလက်ဖြိုး | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၁၄ | မဖူးပြည့်ယမုံ | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၁၁၅ | မောင်အောင်စွမ်းပြည့် | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၆ | မလင်းလက်နေခြည် | ကပက- ယောနသံ | ကျုံပျော် | ကျုံပျော် |
| ၁၁၇ | မောင်အောင်ထက်ဇေ | အထက(၁)ဇလွန် | ဇလွန် | ဟင်္သာတ |
| ၁၁၈ | မဝတ်ရည်ဖြိုး | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၁၉ | မောင်သာခန့်ညီ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၀ | မယောဟဏီသွင် | အထက- ဘက်ရဲ | ကြံခင်း | မြန်အောင် |
| ၁၂၁ | မောင်ဥက္ကာဗိုလ်ဗိုလ် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၂ | မဇွန်မီမီမောင် | အထက(၁)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၃ | မောင်စွမ်းထက်ပိုင် | အထက(၁) ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၁၂၄ | မယွန်းသံစဉ်ချို | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၁၂၅ | မောင်ဘုန်းသန့်လင်း | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |

စာမျက်နှာ ၈ သို့ ❑

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ကောဒသမတန်း(Grade 11)လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်အနဂ္ဃညီညီ | ကပက– All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မဝေထိုက်လွင် | ကပက– All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လင်းထွဋ်ကျော် | အထက(၁)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၄ | မသူသူစံ | အထက(၁)မိုးကောင်း | မိုးကောင်း | မိုးညှင်း |
| ၅ | မောင်သူရဟိန်း | အထက(ခွဲ)လောခမ္မ | လွိုင်ကော် | လွိုင်ကော် |
| ၆ | မရွှေယွန်းမီ | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၇ | စောစိုးကျော်လင်း | ကပက– မြတ်သောအမွေ | လှိုင်းဘွဲ့ | ဘားအံ |
| ၈ | မခင်ခင်ခန့် | ကပက– ငြိမ်းပညာ့ဥယျာဉ် | လှိုင်းဘွဲ့ | ဘားအံ |
| ၉ | မောင်မြတ်ထင်လင်း | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၀ | နန်းငွေဇင်ခိုင် | အထက(၁)မြဝတီ | မြဝတီ | မြဝတီ |
| ၁၁ | မောင်ကျင့်ဖွန့်တွောင် | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၂ | မောင်နိုင်ကိုလင်း | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၃ | မထက်ရွှေရည်အောင် | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၄ | မောင်ဇော်ထက်အောင် | ကပက– LEC | ရွှေဘို | ရွှေဘို |
| ၁၅ | မငွေစင်သွန်း | အထက(၃)ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၆ | မောင်ခန့်ညားလွင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၇ | မအိမ့်ကြည်ဖြူမောင် | အထက(၁)ကန့်ဘလူ | ကန့်ဘလူ | ကန့်ဘလူ |
| ၁၈ | မောင်သိန်းထက်အောင် | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၁၉ | မအိဖြူစင်ဝင်း | အထက(၅)မုံရွာ | မုံရွာ | မုံရွာ |
| ၂၀ | မောင်စွမ်းဇေယျာလင်း | အထက(၃)ကသာ | ကသာ | ကသာ |
| ၂၁ | မောင်မင်းဟိန်းခန့် | ကပက – ရွှေလမင်း | ကလေး | ကလေး |
| ၂၂ | မအေးမြတ်ထွန်း | ကပက – ရွှေလမင်း | ကလေး | ကလေး |
| ၂၃ | မောင်သူရကျော် | အထက– ခန္တီး | ခန္တီး | ခန္တီး |
| ၂၄ | မယွန်းနဒီလှိုင် | အထက– နောင်ပိုအောင် | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၅ | မောင်ရှူသောမူ | အထက– လေရှီး | လေရှီး | နာဂဒေသ |
| ၂၆ | မခင်ငြိမ့်ငြိမ့်စံ | အထက– လေရှီး | လေရှီး | နာဂဒေသ |
| ၂၇ | မောင်ဖွဲ့ဆက်ဇော် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၈ | မဆုမြတ်မောင်လေး | ကပက– Edu Park | ထားဝယ် | ထားဝယ် |
| ၂၉ | မောင်ကောင်းခန့်အောင် | အထက(၂)မြိတ် | မြိတ် | မြိတ် |
| ၃၀ | မသက်မွန်ကျော် | အထက(၂)ပုလော | ပုလော | မြိတ် |
| ၃၁ | မောင်စံချိန်မီ | အထက– ဘုတ်ပြင်း | ဘုတ်ပြင်း | ဘုတ်ပြင်း |
| ၃၂ | မဖြူသင်းခိုင် | အထက– ဘုတ်ပြင်း | ဘုတ်ပြင်း | ဘုတ်ပြင်း |
| ၃၃ | မောင်လူမော်ထွန်း | ကပက– ပန် | ပဲခူး | ပဲခူး |
| ၃၄ | မငွေစင်လင်းလက် | အထက(၅)ပဲခူး | ပဲခူး | ပဲခူး |
| ၃၅ | မောင်မိုးဟိန်းယံ | အထက– ဖဒို | ကျောက်တံခါး | ညောင်လေးပင် |
| ၃၆ | မအေးချမ်းစံ | အထက(၁)ညောင်လေးပင် | ညောင်လေးပင် | ညောင်လေးပင် |
| ၃၇ | မောင်မင်းသုခန့် | ကပက– ငြိမ်းချမ်းရေး | တောင်ငူ | တောင်ငူ |
| ၃၈ | မောင်အောင်ပြည့် | အထက– ကျေးနီ | လက်ပံတန်း | သာယာဝတီ |
| ၃၉ | မဖြိုးစုမွန် | အထက(၁)သာယာဝတီ | သာယာဝတီ | သာယာဝတီ |
| ၄၀ | မောင်ရှင်းသန့်မောင် | အထက– ပေါင်းတည် | ပေါင်းတည် | နတ်တလင်း |
| ၄၁ | မဆုမြတ်ရတနာ | အထက– မြို့မ၊ ဇီးကုန်း | ဇီးကုန်း | နတ်တလင်း |
| ၄၂ | မောင်ယဉ်ခန့်ကျော် | အထက– အောင်ဆန်း | ပြည် | ပြည် |
| ၄၃ | မဆုလင်းပြည့် | ကပက– PEC | ပြည် | ပြည် |
| ၄၄ | မောင်အောင်မြင့်မြတ် | ကပက– နေခြည် | မကွေး | မကွေး |
| ၄၅ | မဆုရတီဇင် | ကပက– Dဝေလျှံ | မကွေး | မကွေး |
| ၄၆ | မောင်ကျော်ဇင်သန့် | ကပက– ခိုင်အောင် | မင်းဘူး | မင်းဘူး |
| ၄၇ | မဝင့်ရွှေရည်ကို | ကပက– ခိုင်အောင် | မင်းဘူး | မင်းဘူး |
| ၄၈ | မသူသူမိုးစံ | အထက(ခွဲ)လ(၃)သရက် | သရက် | သရက် |
| ၄၉ | မောင်ဟန်ဇာနည်ဖြိုး | အထက(၄)ချောက် | ချောက် | ချောက် |
| ၅၀ | မခင်ကျော့ကျော့စံ | အထက(၂)ချောက် | ချောက် | ချောက် |
| ၅၁ | ဆလိုင်းဖွဲ့ခန့်ထူး | ကပက– လမ်းမှန် | အောင်လံ | အောင်လံ |
| ၅၂ | မောင်ထွန်းတင့်ရာဇာ | အထက– ဆိပ်ဖြူ | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၃ | မနန်းအေးချမ်း | ကပက– ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၅၄ | မောင်စိုင်းရန်လင်းရွှေ | ကပက– ပညာကျော် | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၅၅ | မငြိမ်းသစ္စာ | အထက(၅)ချမ်းအေးသာစံ | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၅၆ | မောင်ဟန်ထူးလွင် | အထက(၃၇)အောင်မြေသာစံ | အောင်မြေသာစံ | အောင်မြေသာစံ |
| ၅၇ | မရွှေရည်လင်းလက် | ကပက– CAE | ပုသိမ်ကြီး | အောင်မြေသာစံ |
| ၅၈ | မောင်ထွဋ်မြတ်လင်း | ကပက– စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၅၉ | မရွှန်းလဲ့မိုး | ကပက– စာပန်းအိမ် | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၆၀ | မောင်ကောင်းဆက်စံ | ကပက– UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၆၁ | မကံ့ကော်ကိုကို | ကပက– UNITY | ကျောက်ဆည် | ကျောက်ဆည် |
| ၆၂ | မောင်လင်းထက်ကို | ကပက– UNITY | မြင်းခြံ | မြင်းခြံ |
| ၆၃ | မမေမြတ်နိုးဇင် | ကပက– UNITY | မြင်းခြံ | မြင်းခြံ |
| ၆၄ | မောင်စည်သူအောင် | ကပက– Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၆၅ | မကေမီကိုကို | ကပက– Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၆၆ | မောင်ဝိုင်းဘိုဇော် | အထက(၂)ပန်းစုံ | ပျော်ဘွယ် | ရမည်းသင်း |
| ၆၇ | မောင်ဇင်မင်းခန့် | အထက– လေးရွာ | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၈ | မနေခြည်လင်းလက် | အထက(၁)ကျောက်ပန်းတောင်း | ကျောက်ပန်းတောင်း | ညောင်ဦး |
| ၆၉ | မောင်စံလင်းသူ | အထက– ကင်မွန်းချောင်း | ကျိုက်ထို | ကျိုက်ထို |
| ၇၀ | မဆုရတနာပြည့် | အထက– ပေါင် | ပေါင် | သထုံ |
| ၇၁ | မောင်ဘုန်းလျှံဆင့် | အထက– ကျုံကဒတ် | သံဖြူဇရပ် | မော်လမြိုင် |
| ၇၂ | မအလင်္ကာကဗျာ | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၇၃ | မခင်နှင်းသက်စံ | အထက(၂)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၇၄ | မောင်နေဦးကောင်းကင် | အထက(၂)တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | သင်္ဃန်းကျွန်း |
| ၇၅ | မသိမ့်သီရိဇော် | ကပက– ES4E | သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း |
| ၇၆ | မောင်ကျော်လွှားနိုင် | ကပက– လမင်းသာ | သာကေတ | ဗိုလ်တထောင် |
| ၇၇ | မဆုမြတ်ဦး | ကကပ– ပညာရွှေပြည် | သာကေတ | ဗိုလ်တထောင် |
| ၇၈ | မောင်ဝေယံဖြိုး | အထက(၂)ဒဂုံ(ဆိပ်ကမ်း) | ဒဂုံ(ဆိပ်ကမ်း) | ဒဂုံမြို့သစ် |
| ၇၉ | မယွန်းယမုံထွန်း | အထက(၄)ဒဂုံ(အရှေ့) | ဒဂုံ(အရှေ့) | ဒဂုံမြို့သစ် |
| ၈၀ | မောင်ထက်ဦးလွင် | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၁ | မမြတ်သံစဉ်ချို | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၈၂ | မောင်ဖွဲ့မြတ်သူ | အထက(၄)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၈၃ | မကေဇင်သော် | အထက(၂)စမ်းချောင်း | စမ်းချောင်း | အလုံ |
| ၈၄ | မောင်မြတ်သီဟစိုး | ကပက– Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၈၅ | မကေဇင်သန့် | ကပက– Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၈၆ | မောင်ကောင်းခန့်ညိမ်း | အထက(၁)သန်လျင် | သန်လျင် | သန်လျင် |
| ၈၇ | မလမြင့်မိုရ်ယံ | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၈၈ | မောင်ကောင်းမြတ်လင်း | အထက(၂)မြို့မ၊ တွံတေး | တွံတေး | တွံတေး |
| ၈၉ | မသက်ဆုစံ | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၉၀ | မောင်ဟိန်းရောင်ခြည်ဦး | ကပက– မြင့်မြတ်စံ | အင်းစိန် | အင်းစိန် |
| ၉၁ | မယွန်းရွှေလွှာ | အထက(၂) လှိုင်သာယာ(န) | လှိုင်သာယာ(န) | အင်းစိန် |
| ၉၂ | မောင်ကောင်းမြတ်ကျော် | ကပက– ကောင်းစုစံ | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၉၃ | မရေဗက္ကာဇင်မာမြင့်ငွေ | ကပက– ကောင်းစုစံ | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၉၄ | မောင်ဖွဲ့သီဟ | ကပက– HOPE | မှော်ဘီ | မှော်ဘီ |
| ၉၅ | မသက်မွန်လင်း | အထက– မြောင်းတကာ | မှော်ဘီ | မှော်ဘီ |
| ၉၆ | မောင်ခန့်ညီရှင်းသန့် | အထက(၅)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၉၇ | မသံစဉ်ရှင်းသန့် | အထက– ဗထူး | ရပ်စောက် | တောင်ကြီး |
| ၉၈ | မောင်နန္ဒဝေယံ | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၉၉ | မအိသဉ္ဇာစိုး | အထက– ပင်းတယ | ပင်းတယ | ပင်းတယ |
| ၁၀၀ | မောင်စိုင်းကျော်ဇင်သော် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၁ | မသဇင်ဆွေ | အထက(ခွဲ)နောင်မိန်း | လဲချား | လွိုင်လင် |
| ၁၀၂ | မောင်ထွန်းထွန်းဦး | အထက– လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၃ | မစိမ့်ရတီချစ်စု | အထက– မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၀၄ | မောင်ဟိန်းထက်အောင် | အထက(၈)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၅ | မမြတ်ပန်းအိ | အထက(၆)လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၆ | မောင်သန့်စင်မိုး | အထက– မိုင်းရယ် | မိုင်းရယ် | တန့်ယန်း |
| ၁၀၇ | နန်းဆိုင်း | အထက(၂)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၀၈ | မောင်လုံဂျွန့်ဘားမိုင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၁၀၉ | မကေဇင်ဖြိုး | ကပက– အောင် | မူဆယ် | မူဆယ် |
| ၁၁၀ | မောင်လင်းမြတ်ရှင်း | ကပက– ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၁ | မယွန်းသီရိ | ကပက– ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၂ | မောင်ထက်ဝေလင်း | အထက– မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |

စာမျက်နှာ ၉ သို့ ➲

❑ စာမျက်နှာ ၇ မှအဆက်

| | | | | |
|---|---|---|---|---|
| ၁၂၆ | မလဝန်းချိုချို | အထက(၄)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၂၇ | မောင်မြတ်ဘုန်းခန့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၂၈ | မရွှေပြည့်ပြည့် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၂၉ | မောင်မင်းထင်ကျော် | အထက(၁)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၃၀ | မရွှေရည်လင်းထက် | အထက(၈)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၁ | မောင်စစ်ရဲဦး | ကပက– CAE | ဥတ္တရသီရိ | ဥတ္တရ |
| ၁၃၂ | မယမင်းစု | အထက(၂)ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |

# မြစ်ကြီးနားမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အံတော်ရှင်တောထဲတန်းသာသနာပြု(ဗဟို)ကျောင်းတိုက်၌အခြေပြု၍ မြစ်ကြီးနားမြို့ရှိသံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တကလှဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ သံဃာတော်၇ပါးနှင့်ဒေသခံပြည်သူ ၁၃၂ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မရက္ခိတကျောင်းတိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**
**လျှပ်စစ်မီတာခ သက်သာစေရန်**
**LED ပစ္စည်းများကိုသာ အသုံးပြုပါ။**

**➲ စာမျက်နှာ ၈ မှအဆက်**

| | | | | |
|---|---|---|---|---|
| ၁၁၃ | မအိမ့်နဒီကို | ကပက- ရွှေမဟာ | တာချီလိတ် | တာချီလိတ် |
| ၁၁၄ | မောင်အောင်လင်းထက် | အထက(ခွဲ)လ(၂)မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၅ | မောင်သော်ကောင်းခန့် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၁၆ | မသင်းသဇင်ထက် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၁၇ | မောင်ဟိန်းတေဇာ | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၈ | မနှင်းသဇင်အောင် | ကပက-မြန်ပြည်သားကောင်း | ကျုံပျော် | ကျုံပျော် |
| ၁၁၉ | မောင်ထွန်းပြည့်လျှံဝေ | အထက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၂၀ | မဒါလီလင်းလက် | အထက(၅)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၂၁ | မောင်လင်းမြတ်ဦး | အထက- ကနောင် | မြန်အောင် | မြန်အောင် |
| ၁၂၂ | မခွန်းချိုသာဇော် | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၃ | မောင်သုတပိုင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၄ | မမြယမင်းလွင် | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၅ | မောင်ဝေယံကျော် | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၁၂၆ | မသော်တာစန်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၂၇ | မောင်ကောင်းဇေသန့် | အထက(၁)ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၂၈ | မသဥ္ဇာအောင် | ကပက- ဒေါ်မင်းမင်းဌေး | ဖျာပုံ | ဖျာပုံ |
| ၁၂၉ | မောင်ဘုန်းမြင့်မိုရ် | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၃၀ | မဆုစန္ဒီတိုး | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၁ | မောင်ကောင်းမြတ်စံ | အထက(၃)ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား |
| ၁၃၂ | မောင်စည်သူအောင် | အထက- ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၃၃ | မမျိုးသီရိမောင် | ကပက- CAE | ဥတ္တရသီရိ | ဥတ္တရ |

# ဇမ္ဗူသီရိမြို့နယ်၌ ကျေးလက်စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တဲကြီးကုန်းကျေးရွာနှင့် အလျင်လိုကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး စိုက်ပျိုးရေများ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့က ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် တဲကြီးကုန်းကျေးရွာနှင့် အလျင်လိုကျေးရွာတို့၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိစေရန် အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ 7.32KW ဆိုလာတပ်ဆင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများသည် အဆိုပါကျေးရွာနှစ်ရွာရှိ ရေရရှိရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ရာသီအလိုက် စိုက်ပျိုးသည့်သီးနှံများ အထွက်နှုန်းတိုးပွားစေရန်အတွက် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးကြရန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါစိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေကျပ် ၆၉၈ သိန်းအသုံးပြု၍ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် မာန်ထက်မြတ်ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၆ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်သန့်ကောင်းစံ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မနာအိုမီထွယ်ရာ | ကပက- All Star | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်အောင်သီဟသူ | ကပက- ပညာဆီမီး | မိုးကောင်း | မိုးညှင်း |
| ၄ | မလင်းလဲ့နေခြည် | အထက(၂)မိုးညှင်း | မိုးညှင်း | မိုးညှင်း |
| ၅ | မဖြိုးပြည့်ပြည့်စံ | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၆ | မောင်စောဘုန်းပြည့်သက်နှစ် | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၇ | မအိအိငြိမ်း | အထက(၁)လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် |
| ၈ | ခွန်ဝင်းထက်သာ | အထက(၂)ဘားအံ | ဘားအံ | ဘားအံ |
| ၉ | မောင်ကောင်းခန့်ကိုကို | အထက- တံခွန်တိုင် | ကြာအင်းဆိပ်ကြီး | ကြာအင်းဆိပ်ကြီး |
| ၁၀ | မမာန်စန်းလျှန်း | အထက(၁)တီးတိန် | တီးတိန် | တီးတိန် |
| ၁၁ | မယွန်းလဲ့ဝေ | အထက(၁)စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၂ | မောင်ဝေယံထက် (၁) | ကပက- TWS | ရွှေဘို | ရွှေဘို |
| ၁၃ | မအေးစန္ဒာကျော် | အထက(၃) ရွှေဘို | ရွှေဘို | ရွှေဘို |
| ၁၄ | မောင်တင်စိုးဝင်း | ကပက- ဟိန်း | ကျွန်းလှ | ကန့်ဘလူ |
| ၁၅ | မသီရိစံ | ကပက- ဟိန်း | ကျွန်းလှ | ကန့်ဘလူ |
| ၁၆ | မောင်ထက်ဝေယံလင်း | အထက(၇)ကလေး | ကလေး | ကလေး |
| ၁၇ | မဆုရတီဝင်း | ကပက- ရွှေလမင်း | ကလေး | ကလေး |
| ၁၈ | မောင်အားပွမ် | အထက-လဟယ်<br>(စက်၊ စိုက်၊ မွေး) | လဟယ် | နာဂဒေသ |
| ၁၉ | မသံစဉ်ငြိမ်းအေး | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း |
| ၂၀ | မမြတ်နိုးခင် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၂၁ | မထက်ဆုဝန်း | အထက(၂)ပုလော | ပုလော | မြိတ် |
| ၂၂ | မောင်အောင်ပိုင်ဖြိုး | အထက(၁)ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၃ | မဖြူဖြူစန်း | အထက(ခွဲ)လ(၄)<br>ကော့သောင်း | ကော့သောင်း | ကော့သောင်း |
| ၂၄ | မခြူးတိမ်လွှာထက် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၂၅ | မောင်နိုင်းခန့်အောင် | ကပက- ကြယ်စင်သစ် | ညောင်လေးပင် | ညောင်လေးပင် |
| ၂၆ | မောင်ဥက္ကာဇော် | အထက- ရေတာရှည် | ရေတာရှည် | တောင်ငူ |
| ၂၇ | မခင်သီရိစံ | အထက-ကေတုမတီ | တောင်ငူ | တောင်ငူ |
| ၂၈ | မောင်ဖြိုးမြတ်ဇော် | ကပက- ရွှေဝတီ | သာယာဝတီ | သာယာဝတီ |
| ၂၉ | မစုမွန်မြင့် | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၃၀ | မောင်ဇော်ရဲထွဋ် | အထက- အင်းမ | သဲကုန်း | နတ်တလင်း |
| ၃၁ | မထက်ရည်မွန် | အထက-မြို့မ၊ ဇီးကုန်း | ဇီးကုန်း | နတ်တလင်း |
| ၃၂ | မောင်ကောင်းမင်းဆက် | အထက(၅)ပြည် | ပြည် | ပြည် |
| ၃၃ | မမိုးကြည်ပြာကို | ကပက- PEC | ပြည် | ပြည် |
| ၃၄ | မောင်အောင်ကောင်းမြတ် | ကပက- မိသားစု | မကွေး | မကွေး |
| ၃၅ | မသိမ့်သီရိထွဋ် | အထက(၄)မကွေး | မကွေး | မကွေး |
| ၃၆ | မောင်ဖွဲ့ဝေယံလင်း | အထက- ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၃၇ | မောင်သိုက်ထွန်းအောင် | အထက(၁)သရက် | သရက် | သရက် |
| ၃၈ | မောင်ဇာနည်ထွန်း | အထက(၃)ရေနံချောင်း | ရေနံချောင်း | ချောက် |
| ၃၉ | မောင်သက်ဝေလင်း | အထက(၁)အောင်လံ | အောင်လံ | အောင်လံ |
| ၄၀ | မောင်သိန်းသန်းအောင် | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၁ | မသင်းသီရိ | ကပက- ကောင်းချွန် | ဆိပ်ဖြူ | ပခုက္ကူ |
| ၄၂ | မောင်ရဲထက်ကျော် | ကပက- Shwe Kant Kaw | ချမ်းမြသာစည် | မဟာအောင်မြေ |
| ၄၃ | မနှင်းထက်ဆုဝေ | ကပက- CAE | ချမ်းအေးသာစံ | မဟာအောင်မြေ |
| ၄၄ | မောင်သူရဆန်း | ကပက- မင်းမြန်မာ | အောင်မြေသာစံ | အောင်မြေသာစံ |
| ၄၅ | မောင်ဘုန်းခန့်သော် | ကပက- VEA | ပြင်ဦးလွင် | ပြင်ဦးလွင် |
| ၄၆ | မောင်စိုးဝေဖြိုး | ကပက- သံတော်ဦး | မြစ်သား | ကျောက်ဆည် |
| ၄၇ | မချစ်စုသွယ် | အထက(၁)မြင်းခြံ | မြင်းခြံ | မြင်းခြံ |
| ၄၈ | မောင်ရဲရင့်အောင် | ကပက- Scholar | မိတ္ထီလာ | မိတ္ထီလာ |
| ၄၉ | မောင်ဇော်ပိုင် | အထက- ညောင်ဦး | ညောင်ဦး | ညောင်ဦး |
| ၅၀ | မစန္ဒာလင်း | ကပက- Forward | ညောင်ဦး | ညောင်ဦး |
| ၅၁ | မောင်ခန့်ညီဟိန်း | အထက(၁)သထုံ | သထုံ | သထုံ |
| ၅၂ | မောင်မင်းခန့်ကျော် | အထက(၁၀)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၅၃ | မနှင်းအိမ်လင်း | အထက(၈)မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၅၄ | မောင်ကောင်းခန့်ဇံ | အထက(၄)စစ်တွေ | စစ်တွေ | စစ်တွေ |
| ၅၅ | မောင်ခိုင်ခန့်ဇော် | အထက(၂)ရန်ကင်း | ရန်ကင်း | သဃ်န်းကျွန်း |
| ၅၆ | မောင်ဉာဏ်လင်းထူး | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၅၇ | မအိမ့်ခွန်းသံစဉ် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | ဗိုလ်တထောင် |
| ၅၈ | မောင်ဟိန်းလင်းနိုင် | အထက(၂)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၅၉ | မဇူလိုင်ထွန်း | အထက(၂)ဒဂုံ(တောင်) | ဒဂုံ(တောင်) | ဒဂုံမြို့သစ် |
| ၆၀ | မောင်စွမ်းရည်ထက် | အထက(၄)အလုံ | အလုံ | အလုံ |
| ၆၁ | မဟန်နွယ်ငြိမ်း | အထက(၁)ဒဂုံ | ဒဂုံ | ကျောက်တံတား |
| ၆၂ | မောင်ထွန်းလင်းနိုင် | ကပက- Great Light | မရမ်းကုန်း | မရမ်းကုန်း |
| ၆၃ | မဆုအိမြစန်း | အထက- လှေ့ကျင့်ရေး | ကမာရွတ် | ကမာရွတ် |
| ၆၄ | မောင်ဇေလင်းထက် | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၅ | မတင်ဇာလမင်း | အထက(၂)ကျောက်တန်း | ကျောက်တန်း | သန်လျင် |
| ၆၆ | မောင်စိုးလင်းထွန်း | အထက(၁)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တွံတေး |
| ၆၇ | မအေးအေးအောင် | အထက- နတ်စင်ကုန်း | ကော့မှူး | တွံတေး |
| ၆၈ | မောင်ကြည်ခန့်အောင် | အထက(၃)လှိုင်သာယာ(န) | လှိုင်သာယာ(န) | အင်းစိန် |
| ၆၉ | မမြမဥ္ဇူ | အထက(၆)အင်းစိန် | အင်းစိန် | အင်းစိန် |
| ၇၀ | မောင်အောင်ဘုန်းမြတ် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၇၁ | မဆုသျှားလဲ့ဇော် | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၇၂ | မောင်စွမ်းထက်ဦး | ကပက- D.YEC | မှော်ဘီ | မှော်ဘီ |
| ၇၃ | မောင်ဟိန်းထက်စျာန် | အထက(၇)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၇၄ | မအိသင်ဇာကျော် | အထက- ဗထူး | ရပ်စောက် | တောင်ကြီး |
| ၇၅ | မောင်ခန့်စင်ကြယ် | အထက(၃)ညောင်ရွှေ | ညောင်ရွှေ | ကလော |
| ၇၆ | မသိမ့်သူဇာအောင် | အထက(၅)အောင်ပန်း | ကလော | ကလော |
| ၇၇ | နန်းအွမ်ငင်းခေါင် | အထက- မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၇၈ | မောင်စိုင်းဆိုင်လှိုင်း | အထက(၃)လားရှိုး | လားရှိုး | လားရှိုး |
| ၇၉ | မောင်ကောင်းခန့်သူ | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၈၀ | မသိမ့်ရတနာထွန်း | အထက(၁)တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၈၁ | မောင်ထွန်းထက်အောင် | အထက(၂)မူဆယ် | မူဆယ် | မူဆယ် |
| ၈၂ | မအေးမြတ်စံ | ကပက- ရတနာ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၈၃ | မောင်အားဂျေး | အထက- ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၈၄ | မရာခေလှ | အထက- မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၈၅ | မောင်ရဲထွဋ်အောင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၈၆ | မမေစုခိုင် | ကပက- စိန့်ဂျွန်း | ပုသိမ် | ပုသိမ် |
| ၈၇ | မောင်သူရအောင် | အထက(၁)ကျုံပျော် | ကျုံပျော် | ကျုံပျော် |
| ၈၈ | မကောင်းဆုဟံသာ | အထက(၂)ကျောင်းကုန်း | ကျောင်းကုန်း | ကျုံပျော် |
| ၈၉ | စကမ္ဘာပိုင်ဆိုင် | ကပက- ဂုဏ်ထူးပန်းခင်း | ဟင်္သာတ | ဟင်္သာတ |
| ၉၀ | မဖူးဟေသာဖြိုး | ကပက- ကြယ်တံခွန် | ဟင်္သာတ | ဟင်္သာတ |
| ၉၁ | မအိမ့်ချစ်သဲ | အထက(၁)ကြံခင်း | ကြံခင်း | မြန်အောင် |
| ၉၂ | မောင်အောင်သူရ | အထက(၂)အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၉၃ | စောမောဖိုး | ကပက- ပညာခေတ် | မအူပင် | မအူပင် |
| ၉၄ | မသဒ္ဒါခွန်းချို | အထက(၁)ဓနုဖြူ | ဓနုဖြူ | မအူပင် |
| ၉၅ | မောင်ဖွဲ့ထက်စံ | အထက(၁)ဒေးဒရဲ<br>(စက်၊ စိုက်၊ မွေး) | ဒေးဒရဲ | ဖျာပုံ |
| ၉၆ | မဂျူးမွန်လင်း | အထက(၁)မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၉၇ | မောင်စွမ်းသူအောင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၈ | မချိုသံလွင်ကို | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၉၉ | မောင်ကောင်းသန့်ဇာနည် | ကပက- CAE | ဥတ္တရသီရိ | ဥတ္တရ |

## ၂၆-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉°C | / | ၃၀°C |
| ရန်ကုန် | ၂၀°C | / | ၃၃°C |
| မန္တလေး | ၂၂°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# (၄)ကြိမ်မြောက် အနာဂတ်နည်းပညာများဆိုင်ရာဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center ၌ ဖေဖော်ဝါရီလ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပသည့် (၄) ကြိမ်မြောက် အနာဂတ်နည်းပညာများဆိုင်ရာဖိုရမ်သို့ တက်ရောက်သည်။

ဖိုရမ်တွင်ဇီဝစီးပွားရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုသုတေသနများ၊ ဇီဝနည်းပညာအသုံးပြုစွန့်ပစ်ပစ္စည်းများမှ ကုန်ပစ္စည်းအသစ် ထုတ်လုပ်နိုင်မှုများ၊ ဇီဝဂေဟစနစ်သဘောသဘာဝများ၊ ဇီဝနည်းပညာအခြေပြုတွက်ချက်မှုစနစ်များ တီထွင်ဖန်တီးမှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ဇီဝနည်းပညာအသုံးချနိုင်မှုများ၊ ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဥပဒေလုပ်ထုံးလုပ်နည်းများသတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိမ်းရောင်စွမ်းအင်စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က အထူးညွှန့်သည်တော်အဖြစ် တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် အနာဂတ်နည်းပညာအခန်းကဏ္ဍ၌ ဇီဝနည်းပညာနှင့် သတင်းအချက်အလက်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာတို့၏ အရေးပါမှုတို့ကို အလေးထားပြောကြားသည်။

အဆိုပါဖိုရမ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့ ပါဝင်တက်ရောက်ခဲ့ပြီး ဆက်နွယ်သည့်နည်းပညာကဏ္ဍအလိုက် စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း၊ ပြခန်းများလှည့်လည်ကြည့်ရှုခြင်း၊ ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**




# မြန်မာနိုင်ငံဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာညီလာခံဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာညီလာခံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယနေ့ညီလာခံကို "Empowering Physicians for Tomorrow’s Challenges"ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နှစ် ၅၀ ခန့်သက်တမ်းရှိ မြန်မာနိုင်ငံဆေးပညာအဖွဲ့၏ အကြိမ်(၂၀)မြောက် ဆေးပညာညီလာခံဖြစ်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအများအပြား၌ ကူးစက်တတ်သောရောဂါများ၊ မကူးစက်တတ်သောနာတာရှည်ရောဂါများ၊ ပိုးသတ်ဆေးယဉ်ပါးမှုများ၊ မျှော်မှန်းလူ့သက်တမ်းမြင့်မားလာပြီး သက်ကြီးရွယ်အိုလူဦးရေများပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် လူနေမှုဘဝပုံစံများ ပြောင်းလဲလာခြင်းများကြောင့် ဆေးပညာလောကတွင် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ဆေးပညာရှင်များအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် နိုင်ငံတကာပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ဆောင်ရွက်ခြင်း၊ ခေတ်မီဆေးကုသမှုနှင့် ရောဂါရှာဖွေရေးနည်းပညာများကို အသုံးချနိုင်အောင် ကြိုးပမ်းလေ့လာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲလာသည့်ခေတ်စနစ်၊ နည်းပညာများနှင့်အညီ Telemedicine၊ အီလက်ထရောနစ်ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်း (Electronic Health record)နှင့် AI နည်းပညာများ၊ Evidence Based Medicine များကို အသုံးချပြီး လူနာများအား ကုသမှုအရည်အသွေးများ မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပြည်သူများလက်လှမ်းမီနိုင်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ဆေးရုံကြီးများအား အဆင့်မြှင့်တင်ခြင်း၊ ဆေးကုသဆောင်များတိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြင့်ရောဂါရှာဖွေရေးလုပ်ငန်းများအတွက် ခေတ်မီစက်ကိရိယာများ တိုးမြှင့်တပ်ဆင်ဆောင်ရွက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အခြေခံဆေးဝါးနှင့် ဆေးပစ္စည်းများ စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်မှ ရန်ပုံငွေအမြောက်အမြားအသုံးပြု၍ အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးပညာဘာသာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသောဆေးပညာရှင်များ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပေးရာတွင် မြန်မာနိုင်ငံဆေးပညာအဖွဲ့၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ မျိုးဆက်သစ်ဆေးပညာရှင် လူငယ်များကလည်း ဆေးပညာကျင့်ဝတ်နှင့်အညီ ပြည်သူများကို ကုသမှုပေးရမည်ဖြစ်ကြောင်း၊ ယခုညီလာခံ၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်စသည့်အာဆီယံနိုင်ငံများနှင့် အိန္ဒိယနိုင်ငံများမှ ဆေးပညာရှင်များတက်ရောက်၍ ၎င်းတို့၏ အတွေ့အကြုံ၊ ဗဟုသုတများ ပြောင်းလဲလာသည့် ဆေးကုသမှုလုပ်ငန်းစဉ်များကို အပြန်အလှန်မျှဝေကြမည်ဟုသိရသည့်အတွက် အကျိုးရှိသော ညီလာခံတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် မျိုးဆက်သစ်ဆေးပညာရှင်များအတွက် အတွေ့အကြုံကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံဆေးပညာရှင်များအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအေးအေးချစ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါညီလာခံကို ဖေဖော်ဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှဆေးပညာရှင် ၆၃၅ ဦး တက်ရောက်ကြကာ နိုင်ငံတကာဆေးပညာရှင် ၁၉ ဦးက စာတမ်းဖတ်ကြားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆေးပညာရှင်များနှင့်ပူးပေါင်း၍ နိုင်ငံတကာမှ ဆေးပညာရှင်များက ဆေးပညာရပ်ဆိုင်ရာဗဟုသုတများ၊ ကုသမှုအတွေ့အကြုံများ၊ ဆေးကုသမှုနည်းလမ်းများမျှဝေခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကျန်ထဝုန်း ဦးဆောင်သောအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာကိစ္စရပ်များတွင် တိုးတက်သောဆက်ဆံရေးရရှိစေရန် ဆောင်ရွက်သွားမည်



နေပြည်တော် ဖေဖော်ဝါရီ ၂၆

နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စများ ဆွေးနွေးဆောင်ရွက်ရန် လာအို-မြန်မာ ချစ်ကြည်ရေးအသင်း (LMFA) ဥက္ကဋ္ဌ ကျန်ထဝုန်းဦးဆောင်သောအဖွဲ့သည် ယမန်နေ့က လာအိုနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့်အတူ မြန်မာ-လာအို အသင်းအဖွဲ့ဝင်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကျန်ထဝုန်း ဦးဆောင်သောအဖွဲ့တွင် နယ်ပယ်စုံမှ ကိုယ်စားပြုပုဂ္ဂိုလ်များပါဝင်ကာ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာကိစ္စရပ်များတွင် တိုးတက်သောဆက်ဆံရေးရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နေပြည်တော်သို့သွားရောက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်နှင့်ပတ်သက်၍ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက ဒေသတွင်း ဗုဒ္ဓဘာသာနိုင်ငံများအကြား ဗုဒ္ဓသာသနာထွန်းကားမှုတွင်စံနမူနာဖြစ်သည့်မြန်မာနိုင်ငံသို့လာရောက်ရခြင်းအပေါ် ပျော်ရွှင်ကျေနပ်မိကြောင်း၊ အိမ်နီးချင်းကောင်းဖြစ်သည့် မြန်မာနှင့် ကူးသန်းဆက်သွယ်နိုင်မှု ပိုမိုဆောင်ရွက်နိုင်ရေး စိတ်အားထက်သန်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီးပြည်နယ်များမှ အမျိုးသမီးရေးရာအဖွဲ့နာယက၊ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ခရိုင်ဥက္ကဋ္ဌများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အဆင့်ယန္တရားအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများ၏စွမ်းဆောင်ရည်ကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းနှင့်အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ ကာကွယ်ပေးခြင်းလုပ်ငန်းများကိုအမျိုးသမီးအဖွဲ့အစည်းများ၏ ပူးပေါင်းအင်အားများဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့်နှစ်စဉ်မဂ္ဂဇင်းထုတ်ဝေနိုင်ခြင်းသည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်မားရေးတို့နှင့် သက်ဆိုင်သော အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံများ၊ အောင်မြင်မှုများကို မျှဝေနိုင်သည့်အတွက်မဂ္ဂဇင်းဖြစ်မြောက်ရေး ဝိုင်းဝန်းဆောင်ရွက်ကြသူများ၊ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအပေါ် ထူးချွန်ဆုရရှိသူ ၁၄ ဦးကို မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မှတ်တမ်းဗီဒီယိုနှင့် ဓာတ်ပုံပြခန်းများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး(TOT)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာ ဌာန၊အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့်အသိပညာ၊ ဗဟုသုတများကို တိုင်းဒေသကြီး၊ပြည်နယ်များသို့ မျှဝေပြီး သင်တန်းပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို ဖေဖော်ဝါရီလ ၂၅ ရက်မှ ၂၇ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာန ၁၁ ခုမှ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့် အတူ ယမန်နေ့ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် ပျဉ်းမနားမြို့နယ်ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေး၏ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ဈေးအုပ်ချုပ်ရေးမှူးရုံး၌တွေ့ဆုံအားပေးစကားပြောကြားကာလတ်တလောစားသောက်ရေးအဆင်ပြေစေရန် ဆန်ရိက္ခာ တစ်လစာဖိုး ထောက်ပံ့ငွေကျပ် ၇၇ သိန်းနှင့် ငွေကျပ်တန်ဖိုးသိန်း ၉၀ ကျော်တန်ဖိုးခန့်ရှိ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများကို အိမ်ထောင်စု ၈၂ စုထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မီးလောင်မှုဖြစ်ပွားခဲ့သည့် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေး ပျက်စီးဆုံးရှုံးမှုအခြေအနေကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး




နေပြည်တော် ဖေဖော်ဝါရီ ၂၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည့် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာ အာဟာရသုခဈေးအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်ကို နေပြည်တော်မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက Level -2 မီးငြိမ်းသတ်ယာဉ်များနှင့် ရေသယ်ယာဉ် စုစုပေါင်း ၃၅ စီး ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်မှာ အာဟာရသုခဈေး ဈေးရုံအမှတ် (ဂ)လျှောက်လမ်းတွင် ထွန်းထားသည့်လုံခြုံရေးမီး (LED) အပူလွန်ရှော့ဖြစ်ရာမှ ဆိုင်ခန်းအမှတ် (၇၄) သိန်းကမ္ဘာ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်တွင် အုပ်မိုးထားသည့် မိုးကာပေါ်သို့ ကျကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်ခဲ့မှုကြောင့် ၆ ပေပတ်လည်ဈေးဆိုင်ခန်း ၂၄၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

# ပေါက်မ-ကယ်ဘာကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၀၅၇၅ ဧက ရှိသော နယ်မြေကို "ပေါက်မ - ကယ်ဘာကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆ )အရ (၁၃၈၇)ခုနှစ်၊ တပေါင်းလဆန်း(၃)ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သစ်တောမူဝါဒ၏ရည်မှန်းချက်ဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာကို မြန်မာနိုင်ငံဧရိယာ၏ (၃၀%) ဖွဲ့စည်းနိုင်ရန်၊ ရေမြေသဘာဝတောတောင်ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထာဝစဉ်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်၊ အပူပိုင်းဒေသတောများဖြစ်၍ ရာသီဥတုမျှတကောင်းမွန်လာစေရန်နှင့် ဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာစေပြီး ဒေသခံပြည်သူများ၏ အခြေခံစား၊ ဝတ်၊ နေရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

"ပေါက်မ - ကယ်ဘာကြိုးပြင်ကာကွယ်တော" သတ်မှတ်ခြင်းဖြင့် အပူပိုင်းဒေသသစ်မျိုးများဖြစ်သည့် သန်း၊ ဒဟတ်၊ ထောက်ကြံ့၊ ရှား၊ အင်ကြင်း၊ သစ်ရာ၊ လွန်၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်စေး၊ သစ်ပုဂံစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်ခြင်း၊ ကာကွယ်တောအတွင်းမှီခိုနေထိုင်ကြသော သားငှက်တိရစ္ဆာန်များဖြစ်သည့် ချေ၊ တောဝက်၊ ယုန်၊ ကြောင်၊ ဖွတ်၊ ပဒတ်၊ မြွေ၊ ကုန်းလိပ်၊ သိမ်းငှက်၊ ချိုး၊ ဆက်ရက်၊ ငုံ၊ ငုံး၊ တောကြက်၊ ခါ၊ ဘီလုံးငှက်၊ စွေ့ငှက်၊ ကြက်တူရွေးနှင့် ငှက်တော်စသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းနိုင်မည့်အပြင် ကြိုးပြင်ကာကွယ်တော အနီးရှိ ကျေးရွာနေဒေသခံပြည်သူများ၏ အခြေခံ စားဝတ်နေရေးဖြစ်သည့် လယ်ယာသုံးပစ္စည်းများ၊ ဒေသသုံး မျော၊ တိုင်၊ ထင်း ၊ ဝါးများနှင့် သစ်တောများမှ ဟင်းသီးဟင်းရွက်များ၊ သစ်ဥ သစ်ဖုများ၊ ပရဆေးများ စသည်တို့ကို အလွယ်တကူထုတ်ယူသုံးစွဲနိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်လာပြီး ရာသီဥတုမျှတ၍ဒေသခံပြည်သူများ၏လယ်၊ ယာမြေကောက်ပဲသီးနှံများ အထွက်တိုးလာစေခြင်း၊ ဒေသခံပြည်သူများအနေဖြင့် သစ်တောများမှတိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးကျေးဇူးများခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောသစ်ပင်များ၏ ဂေဟစနစ်များ ထာဝစဉ်တည်တံ့စေနိုင်ခြင်းစသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အလှညှောင်းသည့် လတပေါင်း

**လွန်းပိုးအိမ်**

တောတောင်ရေမြေ၌လယ်တောသစ်ပင်တို့သည် တပေါင်းအလှဖြင့် ပြည့်နေ၏။ တပေါင်းအလှသည် ရှေးနှစ်ပေါင်းများစွာကပင် ပီပြင်သလို ယနေ့ခေတ်တွင်လည်း ကမ္ဘာနှင့်အမျှ တည်တံ့နေမည့် အလှတရားပင်ဖြစ်သည်။

မြန်မာ့ပြက္ခဒိန်တွင် တစ်ဆယ့်နှစ်လရှိရာ တပေါင်းလသည် တစ်ဆယ့်နှစ်လမြောက်ဖြစ်၍ ထူးခြားသည်ဟုဆိုနိုင်သလို မြန်မာ့တစ်ဆယ့်နှစ်လရာသီပွဲတော်များတွင်လည်း တပေါင်းလသည် သာယာကြည်နူးဖွယ်ကောင်းသော နောက်ဆုံးလဖြစ်သည်ဟု စာဆိုရှင်များကညွှန်းဆိုကြသည်။ တပေါင်းလ၏ ပထမလတစ်ဝက်သည် ဆောင်းရာသီတွင်ကျရောက်၍ ဒုတိယလတစ်ဝက်သည် နွေရာသီတွင် ကျရောက်သည်ဖြစ်ရာ ဆောင်းနှောင်းနွေစ သာယာလှပသောရာသီဖြစ်သည်။ ထို့ကြောင့် “နေ့ပူညချမ်း တပေါင်းလသရမ်း” ဟု ဆိုစမှတ်ပြုခဲ့ကြလေသည်။

တပေါင်းလဟူသောအမည်ကို ပုဂံခေတ်ကရေးထိုးခဲ့သော ကျောက်စာများ၌ “တပေါင်” ဟူ၍ ရေးသားခဲ့ကြသည်။ ပူပြင်းခြင်းအနက်ကိုဟောရာ “တ”ဟူသည့် ပါဠိဝေါဟာရမှဆင်းသက်လာပြီး “တပ”မှ “တပေါင်း” ဖြစ်လာသည်ဟုဆိုကြသည်။ တစ်နည်းဆိုသော် နက္ခတ် ၂၇ လုံး စုပေါင်းထွက်ပေါ်ခြင်းကြောင့်လည်းကောင်း၊ ထန်းရည်များပေါင်းစပ်ကာ ကျိုချက်ခြင်းကြောင့် ထန်းပေါင်းဟုလည်းကောင်းဆိုရာမှ တပေါင်းဟုခေါ်ဆိုကြခြင်းဖြစ်ကြောင်း ပညာရှင်များကမိန့်ဆိုခဲ့ကြသည်။ တချို့ကလည်း ဤလရာသီတွင် နက္ခတ် ၁၂ လုံး စုပေါင်းပေါ်ထွက်ခြင်းကြောင့် တပေါင်းလဟုခေါ်ဆိုသည်ဟုဆိုကြပြန်သည်။ တပေါင်းလကို ဗေဒင်အခေါ်အားဖြင့် မိန်ရာသီဟုသတ်မှတ်ကြပြီး ရာသီရုပ်ပုံအားဖြင့် ငါးနှစ်ကောင်ရုပ်ဟုဆိုသည်။ ဤလ၏အထိမ်းအမှတ်ပန်းသည် သရဖီပန်းဖြစ်သည်။

တပေါင်းလသည် နက္ခတ်ဗေဒင်သဘောအရ ထူးခြားလှသကဲ့သို့ သဘာဝအလှနှင့် လောကအလှတို့တွင်လည်း တစ်မူထူးခြားနေသည်။ မိန်ရာသီလတပေါင်းမို့ ညှာညှောင်းတွေကြွေပြီး ပုရစ်ကယ်ရွှေဥပင်တိုင်းစုနေသည့်အချိန်တွင် တောင်ပြန်လေအေးက တိုက်ခတ်ဆော်သွေးလာပြန်သဖြင့် အဆွေးဓာတ်ခံရှိသူတို့အဖို့ အသည်းကြွေလုမျှ ခံစားကြရသည့်အချိန်မဟုတ်ပါလော။

**“လတပေါင်းမို့၊**
**ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့်**
**ကြယ်မှာဘဒြပိုဒ်၊ လေးချက်ချိန်ကို**
**တိမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ**
**ကိုတံငါလည်း၊ ဘာသာဒေါင်ဒင်**
**ပျော်မြူးသာရွှင်တော့တယ်**
**သဘင်လခါမီကို၊ သဲစေတီငွေသောင်ကမ်းက**
**လွမ်းလှတယ်လေး......”**

**(မဟာအတုလမင်းကြီး)**

ဆောင်းရာသီလည်းမပြယ်သေး၊ နွေရာသီကလည်းမပီသေး၊ ဤရာသီအခါသမယ ကောင်းကင်ယံတွင် တိမ်ရောင်စုံများ သက်တံရောင်တို့၏ အလှများဖြင့် ဆေးရေးခြယ်သလျက်ရှိပေသည်။ မြေပြင်တွင်လည်း သစ်ပင်များဆီမှ ရွက်ဟောင်းကြွေကျ မြေခနေသလို ရွက်သစ်အညွန့်၊ အညှောက်များကလည်း ပုရစ်ဖူးအစီအရီနှင့် စိမ်းစိုစပြုနေချိန်ဖြစ်သည်။ ထိုအချိန်လရာသီတွင် မြစ်ချောင်းများတွင်လည်း ရေများစစ်ကာ သဲပြင်သောင်ခုံများပေါ်ထွန်းကာ လွမ်းစရာ့ပန်းချီကားချပ်ပမာရှိနေပေသည်။

ထို့ကြောင့်လည်း တပေါင်းလ၏ သာယာကြည်နူးစရာကောင်းပုံကို ရှေးစာဆိုတို့က အမျိုးမျိုးခြယ်မှုန်းသီဖွဲ့ခဲ့ကြပေသည်။ ဖိုးသူတော်ဦးမင်း၏ တပေါင်းလဖွဲ့ သဖြန်တွင် “ပန်းရွှေဖီကြိုင်လှောက်လို့၊ ပိတောက်ကယ်တဲ့သင်းချို၊ ဥတ္တရာဘရဂုဏ်က တိမ်ဘုံမှာ ရောင်ခြည်လင်းလို့၊ လမင်းသော်တာနှင့် တူမကွာထိန်ဝါလှဲ့၊ ထွန်းတဲ့ခါကို၊ သောင်သဲငယ်မိုး၊ ရေညိုကရစ်မို့။ လေညင်းငယ်လာ၊ စုံဟေမာမြိုင်ထဲက၊ ဝမ်းဘဲရွှေစင်ရော်တို့၊ တကြော်ကြော်မောင်နှံကျူးတယ်၊ မြူးပျော်ကြလို့” ဟူ၍ တပေါင်းလ၏ ကြည်နူးလှပပုံကို စာပန်းချီသီကုံးထားပေသည်။

တပေါင်းလသည် ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီကျောင်းပိတ်ရက်ကာလဖြစ်သလို မကြာခင်ရောက်ရှိတော့မည့် နှစ်သစ်ကူးအတာရေသဘင်ပွဲအတွက်လည်းအားခဲကာ စိတ်ကူးများဖြင့် ပျော်မြူးနေကြသည့်ကာလလည်းဖြစ်ပေသည်။

**✿ တပေါင်းလသည် ဥတုသုံးလီတွင် ဂိမှာန်ရာသီ နွေရာသီတွင်ပါဝင်ပြီး မြေပြင်တစ်ခုလုံးခြောက်သွေ့ကာ ခြေခင်းလက်ခင်းသာသောလဖြစ်သည်နှင့်အညီ မြန်မာပြည်အနှံ့ခြေဆန့်ကာ ဘုရားစုံဖူးကြသူများ၊ ကူးသန်းရောင်းဝယ်ကြသူများဖြင့် စည်ကားသောလရာသီဖြစ်၍ တပေါင်းလသည် လူတိုင်းလူတိုင်း၏မျက်နှာ၌ ပျော်ရွှင်ဝမ်းမြောက်မှု၊ အားရကျေနပ်မှု၊ ချမ်းမြေ့ကြည်လင်မှုရသများ ယှက်သန်းလျက် လွတ်လပ်မှုကို မျှဝေခံစားစေသောလလည်းဖြစ်. . . ✿**

တပေါင်းလသည် နေ့တာရှည်၍ ညတာတိုသောလဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိ၍ ရက်စုံသောလဖြစ်သည်။ ထိုလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သောင်ခုံသဲပြင်များပေါ်ထွန်းသဖြင့် သဲပုံစေတီတည်သောရာသီပွဲတော်များကျင်းပလေ့ရှိသည်။ သဲများကိုစုပုံ၍ စေတီအသွင်တည်ကာ မြတ်စွာဘုရားအားရည်မှန်းထား၍ ပူဇော်ခြင်းဖြစ်သည်။ သဲပုံစေတီပွဲတော်သည် ဗုဒ္ဓသာသနာစတင်ထွန်းကားလာချိန်မှပင်ရှိခဲ့သောပွဲတော်ဟုယူဆရပေသည်။

ထို့ကြောင့် အကြောင်းညီညွတ်သော ထိုလရာသီတွင် မြန်မာဘုရင်များက သဲပုံစေတီပွဲကို ရာသီပွဲအဖြစ်သတ်မှတ်ကာ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ နိုင်ငံတစ်ဝန်း သဲပုံစေတီပွဲကို ခြိမ့်ခြိမ့်သဲဆင်နွှဲခဲ့ကြသည်။

ရှေးအခါက သဲပုံစေတီတည်ထားရာတွင် ရိုင်ပတ်များကို အဆင့်ငါးဆင့်တည်၍ တည်ဆောက်ကြသည်။ အဆင့်ငါးဆင့်မှာ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်တည်ထားခြင်းဖြစ်သည်။ ယင်းအာလိန်ငါးဆင့်တွင် သန့်စင်သောသဲများ အပြည့်သိပ်ထည့်ရသည်။ ထို့နောက် တံခွန်၊ ကုက္ကား၊ လှူဖွယ်ပစ္စည်းများဖြင့်ပူဇော်ကာ အလှူအတန်းပွဲများကို ပြုလုပ်ကြသည်။ နှစ်ကာလကြာသော် အုတ်တို့ဖြင့်စေတီကိုငုံ၍ စေတီကြီးအဖြစ် ဆက်လက်တည်ဆောက်ကြသည်ဟုဆို၏။

တပေါင်းလတွင် ဥသြငှက်များ၏ လွမ်းမောဖွယ်တွန်သံသာများကလည်း မြန်မာနိုင်ငံအနှံ့အပြား ပျံ့လွင့်လျက်ရှိပြီး နွေ၏ပန်းချီကားကို ပိုမိုရုပ်လုံးကြွစေသည်။ စာဆိုတို့က “ရွှေဥသြတွန်သံသာ၊ နွေဦးပေါက်တော့မှာ” ဟူ၍လည်းဆိုခဲ့ကြပေသည်။

စာဆိုရှင်အုန်းညိုကလည်း ဂါထာ ၆၀ ပျို့တွင် “တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုတမ်း၊ ပူချမ်းနှစ်ပါး၊ ဆွေတော်များသို့၊ ဘုရားမြတ်စွာ၊ ဖူးအံ့ခါကား၊ သာယာကောဘိ၊ ကြည်ဖွယ်ရှိစ” ဟူ၍လည်းကောင်း၊ စာဆိုဦးကြင်ဥက “ဉာဏ်မခိုင်၊ ဈာန်ယိုင်လျှော့ရတယ်၊ ရာသီတွင် ခါညီပြောပေပ၊ ကြော၍သာမြဲ” ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့ကြရသည့်လလည်းဖြစ်ပေသည်။

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဘာသာရေးကိုအခြေခံသောပွဲများကို ဆင်နွှဲလျက်ရှိရာ တပေါင်းလတွင် သဲပုံစေတီပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဆင်နွှဲခဲ့ကြသည်။ ဆွမ်းတော်ကြီးတင်ပွဲကို အရဏ်တော်လှည့်ပွဲဟူ၍လည်းခေါ်ကြသည်။ ဆွမ်းတော်ကြီးတင်လှူပွဲ ဆိုသည်မှာ သဲပုံစေတီတွင် လှူဒါန်းရန်အတွက် လှူဖွယ်ဝတ္ထုများကိုဝင်းခင်းကာ လှည့်လည်အလှူခံကြခြင်းဖြစ်သည်။ ဆွမ်းတော်ကြီးခေါ် အရဏ်တော်လှည့်လာသည့် အခမ်းအနားတွင် လှူဖွယ်ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းကာ ကုသိုလ်ယူကြသည်။ အဆိုပါပွဲတွင် အဆို၊ အတီး၊ အမှုတ် တူရိယာဝိုင်းများဖြင့် ခမ်းနားစည်ကားစွာကျင်းပကြသည့်အတွက် တပေါင်းလ၏ သဲပုံစေတီပွဲတော်သည် ကုသိုလ်ရေးနှင့်အတူ ပျော်ရွှင်မှု၊ စည်းလုံးချစ်ကြည်ရင်းနှီးမှုတို့ကိုရရှိစေသည့်ပွဲလည်းဖြစ်ပေသည်။

သဲပုံစေတီပွဲတော်မှာ ဗုဒ္ဓဘာသာမှဆင်းသက်လာသော မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်ပြီး သဲပုံစေတီကို ရှေးအခါက မြစ်ပြင်သဲသောင်ယံဦး မြစ်ကမ်းနဖူးတွင်တည်ထားလေ့ရှိသည်။ သဲပုံစေတီကို ရှေးအခါက စည်းခုံ၊ စဲခုံဟူ၍ခေါ်ခဲ့ကြပြီး ယခုအခါ စည်းခုံကို သဲပုံဟူသောအဓိပ္ပာယ်ယူ၍ သဲပုံစေတီကို တည်ထားခဲ့ပေသည်။ စည်းခုံဟူသည်မှာ ပုဂံခေတ်အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယနေ့ထိတိုင် အထင်အရှားဖူးမြော်ကြရပေသည်။

ဘုရားပွဲတော်အချိန်နှင့် တောင်သူလယ်သမားဦးကြီးများ၏ သီးနှံပေါ်ပြီးချိန်တိုက်ဆိုင်သဖြင့် ဘုရားပွဲတော်သို့ ရွာနီးချုပ်စပ်မှစုပေါင်း၍ သွားရောက်ဆင်နွှဲသည့်ဓလေ့မှာလည်း ပျော်ရွှင်စရာ ကြည်နူးစရာပင်ဖြစ်သည်။ လှည်းဝိုင်းများဖြင့် ပြုလုပ်ဝန်းရံကာ အငြိမ့်သဘင်၊ ဇာတ်သဘင်ပွဲများသို့ စုပေါင်း၍ သွားရောက်ကြည့်ရှုကြသည်။ ဆယ့်နှစ်ပွဲဈေးသည်တို့ကလည်း ဘုရားပွဲတော်တွင် ဒေသထွက်ကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ခင်းကျင်းရောင်းချကြသည်။ တပေါင်းလရာသီတွင် ဆိုင်းသံဗုံသံ သောသောညံကာ ရွှင်လန်းချမ်းမြေ့ရသည်မှာစာဖွဲ့၍မကုန်နိုင်တော့ပေ။

နိုင်ငံတော်နှင့်ပြည်သူများ ရိက္ခာဖူလုံရေးအတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးသော ကျေးဇူးရှင်တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းခွင်ပြီးစီးသည့်ရာသီမှာ တပေါင်းလရာသီပင်ဖြစ်သည်။ သို့သော် ဦးကြီးတို့မှာ အနားမယူနိုင်ကြပေ။

မိုးရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးရေးအတွက် စီစဉ်ဆောင်ရွက်နေရခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် နွေစပါးစိုက်ပျိုးရေးအတွက် အားပြုနေကြသော တောင်သူဦးကြီးများ၏ လုပ်အားအလှသည် တပေါင်းလရာသီအလှနှင့်အပြိုင်ဖြစ်သည့်အတွက် ကျေးလက်ဒေသ၏ အငွေ့အသက်ကို ပိုမိုပေါ်လွင်စေသည်။

တပေါင်းလသည် မြန်မာ့သမိုင်းနှင့်ဆက်စပ်ပြီးကြည့်လျှင် ထင်ရှားသော မှတ်တိုင်တစ်ခုဟုဆိုနိုင်သည်။ မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်လာသည့်ဖက်ဆစ်တို့ကို တော်လှန်ချေမှုန်းခဲ့သည်မှာလည်း ဤလပင်ဖြစ်သည်။

**✿ ဆယ့်နှစ်ပွဲဈေးသည်တို့ကလည်း ဘုရားပွဲတော်တွင် ဒေသထွက်ကုန်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ခင်းကျင်းရောင်းချကြ. . . ✿**

**✿ တပေါင်းလရာသီတွင် ဆိုင်းသံဗုံသံ သောသောညံကာ ရွှင်လန်းချမ်းမြေ့ရသည်မှာ စာဖွဲ့၍မကုန်နိုင်. . . ✿**

တပေါင်းလသည် ဥတုသုံးလီတွင် ဂိမှာန်ရာသီ နွေရာသီတွင်ပါဝင်ပြီး မြေပြင်တစ်ခုလုံးခြောက်သွေ့ကာ ခြေခင်းလက်ခင်းသာသောလဖြစ်သည်နှင့်အညီ မြန်မာပြည်အနှံ့ခြေဆန့်ကာ ဘုရားစုံဖူးကြသူများ၊ ကူးသန်းရောင်းဝယ်ကြသူများဖြင့် စည်ကားသောလရာသီဖြစ်၍ တပေါင်းလသည် လူတိုင်းလူတိုင်း၏ မျက်နှာ၌ ပျော်ရွှင်ဝမ်းမြောက်မှု၊ အားရကျေနပ်မှု၊ ချမ်းမြေ့ကြည်လင်မှုရသများ ယှက်သန်းလျက် လွတ်လပ်မှုကို မျှဝေခံစားစေသောလလည်းဖြစ်သည်။

သို့ဖြစ်ရာ တပေါင်းလသဲပုံစေတီပွဲနှင့်အတူ ဆယ့်နှစ်လရာသီပွဲတော်များသည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာတိုင် မြန်မာလူမျိုးတို့အစဉ်ထိန်းသိမ်းလာခဲ့သော ချစ်စရာ့ဓလေ့ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုဆယ့်နှစ်လရာသီပွဲတော်များကို အဓိပ္ပာယ်အနှစ်သာရပြည့်ဝစွာ ထိန်းသိမ်းစောင့်ရှောက်ဆင်ယင်ကျင်းပခြင်းဖြင့် အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုးစရာ ပိုမိုတိုးပွားလာမည်ဟုယုံကြည်မိပါသည်။ ။

# ရွှေတောင်မြို့နယ်၌ ဆောင်းသီးနှံနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ရွှေတောင် ဖေဖော်ဝါရီ ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အတွင်းရှိ ကျေးရွာများ၌ ဆီထွက်သီးနှံနေကြာ စိုက်တောင်သူများ စိုက်ပျိုးထားသောစိုက်ခင်းများ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ထို့ပြင် ဆီထွက်သီးနှံနေကြာကို ယခင်က စိုက်ပျိုးသူနည်းပါးသော်လည်း ယခုအခါဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် အခြားဆီထွက် သီးနှံများစိုက်ပျိုးခြင်းထက် ဂရုတစိုက် ဆောင်ရွက်ရခြင်းမျိုးမဟုတ်ဘဲ ထွန်ယက်စိုက်ပျိုး ရပြီး လူနှင့်လုပ်အားခအရင်းအနှီးများစွာမကုန်ကျ၍ ဈေးကောင်းရလျှင် ဒေသခံတောင်သူများဝင်ငွေ ကောင်းမွန်ခြင်းတို့ကြောင့် ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့်လည်း အထွက်နှုန်းတိုးတက်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ရေဆင်း-၁ မျိုးနေကြာမျိုးကောင်းမျိုးသန့်များကို တောင်သူ များလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြကြောင်း နှင့် ရွှေတောင်မြို့နယ်တွင်း၌ နေကြာစိုက်ခင်းဧက စုစုပေါင်းဧက ၉၉၀ စိုက်ပျိုးထားကြောင်း သိရ သည်။

ကိုကိုမင်း(ပြန်/ဆက်)



# စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံဧက ၂၆၉၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့

စစ်ကိုင်း ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၅ -၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကုလားပဲသီးနှံ ၂၈၄၁၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုး ခဲ့ကြရာ ယနေ့အထိ ၂၆၉၁၄ ဧကစိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးပြီးစီးမှုနှင့်ပတ်သက်၍ “စစ်ကိုင်း မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ကုလားပဲသီးနှံ ၂၈၄၁၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၆၉၁၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုး မှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေး အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်” ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ထို့ပြင် စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေး အတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေး ခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများထည့်သွင်းသုံးစွဲစေရေး ပညာ ပေးခြင်းများကိုလည်း အကျိုးဆောင်တောင်သူ များအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ ကြောင်းသိရသည်။

(၄၀၉)

# ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီစိုက်ခင်းဧက ၃၂၀ နုတ်သိမ်းပြီးစီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ကျော်ထွက်ရှိ



ပွင့်ဖြူ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ကြက်သွန်နီစိုက်ခင်းများအနက်ဧက ၃၂၀ ကိုယခုအခါ နုတ်သိမ်းပြီးစီးပြီဖြစ်ရာ တစ်ဧကလျှင် ကြက်သွန်နီ ၅၃၁၂ ပိဿာထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ် အတွင်းကြက်သွန်နီ ၁၁၃၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ အဆိုပါကြက်သွန်နီစိုက်ခင်းများကို နုတ်သိမ်းလျက်ရှိပြီး ဒီနေ့ထိ ဧက ၃၂၀ နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးတောင်သူ တွေကို အထွက်နှုန်းတိုးတက်စေဖို့နဲ့ စားသုံးသူ ပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့ အတွက် ဒေသနဲ့ကိုက်ညီတဲ့မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်၊ ဓာတုကင်းလွတ်တဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) စနစ်နဲ့အညီစိုက်ပျိုးနိုင်အောင် လိုအပ်တဲ့စိုက်ပျိုးရေး ဆိုင်ရာနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ခဲ့ ပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ယခုနှစ် ဆောင်းသီးနှံရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီစိုက်ပျိုးတောင်သူများကို အထွက် နှုန်းများကောင်းမွန်စေရေး၊ အစားအစာဘေးကင်း လုံခြုံသော အရည်အသွေးကောင်းကြက်သွန်နီများ စိုက်ပျိုးထွက်ရှိရေး စိုက်ပျိုးရေးနည်းပညာဆိုင်ရာ တောင်သူပညာပေးဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါမကျရောက်စေရန် ကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ရာ ကြက်သွန်နီ စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## တပေါင်းနွေ

✤ တပေါင်းနွေ
ဟောင်းရွက်ကြွေ မြေမှာခါ။
ဥသြဆွေ တွန်သံကျူး
နွေဦးဂီတာ။

✤ တပေါင်းနွေ
မြူခိုးဝေ မှိုင်းပျပျ။
ပန်း “သရဖီ” “အင်ကြင်း”တို့
ထုံသင်းကြိုင်လွှ။

✤ တပေါင်းနွေ
မြန်မာတွေ သတ္တိပြ။
ဖက်ဆစ်ရန် အမြစ်ပြုတ်အောင်
တိုက်ထုတ်ခဲ့ကြ။

✤ ရာသီတွင် စာညီပြော
သာကျောတဲ့ တပေါင်းနွေ။
သဲစေတီ ပူဇော်ပွဲ
နွှဲပျော်ကြပေ။
ပြောစည်သံ တဝေဝေ
မြန်မာ့မြေ အလှထူး။
ရင်သွေးမောင် သားရွှေဥကို
ရှင်ပြုပွဲ အလှူမင်္ဂလာနဲ့
ပြည်ခေမာ နိဗ္ဗူကမ်းကို
လှမ်းဖို့ရွယ်စူး။

✤ ဖွားဖက်တော် မတ်ကာဠု
ဂါထာပြု လျှောက်တင်သည်။
တပေါင်းနွေ မိန်ရတု
သာမှုစီရီ။
“ကပိလ” နန်းရွှေပြည်
ပြန်ဖို့ရည် ချိန်ခါကောင်း။
မွေးဖခင် “သုဒ္ဓေါဒန”
နှုတ်သဘောဟ ဆန္ဒညီ
ဖြည့်သင့်သည် မှန်ပေကြောင်း။
သုံးလူ့ရှင် မြတ်ဗုဒ္ဓရဲ့
လှမ်းကြွချီ ရည်မျှော်သန်တဲ့
ပြည်တော်ပြန် ခရီးစ
နွေလတပေါင်း။ ။

မောင်ယုလွင်(သပြေ)

# ကြိုတင်ခန့်မှန်း၍ မရနိုင်သော ငလျင်ဘေးအန္တရာယ်


(ဒေါက်တာယဉ်မျိုးမင်းထွေး-မိုး/ဇလ)

မြန်မာနိုင်ငံသည် ဘူမိဗေဒအထောက်အထားများအရ ငလျင်လှုပ်ရှားမှုအား တွေ့ကြုံခံစားရနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အတိတ်ကာလကလည်း အပျက်အစီးများရှိသော အင်အားပြင်းငလျင်ကြီးများလှုပ်ရှားခဲ့ဖူးသည်။ မြေထုချပ် (Plate) ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုကအခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါတွန်းတိုက်သည့်နေရာတွင်အားများတဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက်ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားသည်။ အဆိုပါအားများ (စွမ်းအင်များ) ဖြတ်သွားရာလမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍သွားခြင်းကို ငလျင်လှုပ်သည်ဟု ခေါ်ဆိုကြသည်။ ငလျင်အန္တရာယ်သည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူနေမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်အန္တရာယ်ကို အထူးဂရုပြုကြရန် လိုအပ်သည်။

ငလျင်လှုပ်ရသည့် အကြောင်းရင်းကိုလိုက်၍ ငလျင်ကို ၃ မျိုးခွဲခြားနိုင်သည်။ ၎င်းတို့မှာ (၁) မြေထုချပ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သောငလျင် (၂) မီးတောင်ပေါက်ခြင်းကြောင့် ဖြစ်ပေါ်သောငလျင်နှင့် (၃) လူလုပ်ငလျင်တို့ဖြစ်သည်။ ကမ္ဘာမြေကြီးကို မြေထုချပ်များဖြင့် ဖွဲ့စည်းထားပြီး ယင်းမြေထုချပ်များပေါ်တွင် ပြတ်ရွေ့များလည်းတည်ရှိသည်။ ယင်းမြေထုချပ်များနှင့် ပြတ်ရွေ့များရွေ့လျားမှုကြောင့် ဖြစ်ပေါ်သောငလျင်များအား မြေထုချပ်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ငလျင်ဟုခေါ်သည်။ ကမ္ဘာတစ်ဝန်းတွင် မြေထုချပ်လှုပ်ရှားခြင်းကြောင့်ဖြစ်ပေါ်သော ငလျင်များအား အများဆုံးတွေ့ရပြီး ဖျက်ဆီးမှုစွမ်းအားသည်လည်း အမြင့်မားဆုံးဖြစ်သည်။ မီးတောင်များပေါက်ကွဲမှုအရှိန်ကြောင့် ဖြစ်ပေါ်သောငလျင်များအား မီးတောင်ပေါက်ခြင်းကြောင့်ဖြစ်ပေါ်သောငလျင်ဟုခေါ်ပြီး မီးတောင်တည်ရှိရာ အနီးဝန်းကျင်တွင် ပျက်စီးမှုအားဖြစ်ပေါ်စေသည်။ စမ်းသပ်ဖောက်ခွဲမှုများကဲ့သို့သော လူတို့၏လုပ်ဆောင်မှုများကြောင့်ဖြစ်ပေါ်သော ငလျင်များအား လူလုပ်ငလျင်ဟုခေါ်ပြီး အဆိုပါလူလုပ်ငလျင်သည်ကြီးမားသော အပျက်အစီးများဖြစ်ပေါ်စေလောက်အောင် ပြင်းထန်လေ့မရှိကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည်ကမ္ဘာတွင်ဖြစ်ပေါ်သော ငလျင်လှုပ်ရှားမှု၏ ၁၅ ရာခိုင်နှုန်းခန့်ကို ခံစားရသည့် မြေထဲပင်လယ်-ဟိမဝန္တာဇုန်တွင် တည်ရှိနေပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ငလျင်များသည် နှောင်းဖြစ် ဘူမိအနေအထားတို့ကြောင့် ဖြစ်ပေါ်ခဲ့ရကာ အထူးသဖြင့် ပြတ်ရွေ့များရှိရာ နေရာများ၌ ငလျင်လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ရသည်။ မြန်မာနိုင်ငံတွင်ငလျင်လှုပ်ရှားမှုအားဖြစ်ပေါ်စေသော အဓိကပြတ်ရွေ့ကြီးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့အပြင် ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ မိုးမိတ်ပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့ စသည့်ပြတ်ရွေ့များ အပြင်ပြတ်ရွေ့ငယ်များစွာ တည်ရှိနေသည်။ အဆိုပါ ပြတ်ရွေ့များရွေ့လျားမှုကြောင့် ပြတ်ရွေ့များတည်ရှိရာဒေသများနှင့်အိန္ဒိယမြေထုချပ်သည်မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ်ဖြစ်ပေါ်နေသော မြန်မာနိုင်ငံအနောက်ဘက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် ငလျင်လှုပ်ရှားမှုများဖြစ်ပေါ်လေ့ရှိသဖြင့် အဆိုပါဒေသများတွင် ငလျင်ဘေးအန္တရာယ်အား သတိပြု၍ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားသင့်သည်။

မြန်မာနိုင်ငံ အလယ်ပိုင်းတစ်လျှောက် တောင်မြောက်ကီလိုမီတာ ၁၂၀၀ ဝန်းကျင်ရှည်လျားသည့် မြန်မာနိုင်ငံ၏ အဓိကသက်ရှင်ပြတ်ရွေ့ကြီးဖြစ်သော စစ်ကိုင်းပြတ်ရွေ့သည်မြန်မာနိုင်ငံရှိလူဦးရေထူထပ်များပြားသော မြို့ကြီးများကို ဖြတ်သန်းသွားပြီး ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ရှားခဲ့သော မန္တလေးငလျင်ကြီးသည်လည်း စစ်ကိုင်းပြတ်ရွေ့ ရွေ့လျားမှုကြောင့် လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ လှုပ်ရှားမှု၏ပြင်းအားသည် စက္ကန့်ပိုင်းအတွင်း ကီလိုမီတာ ၅၀၀ ခန့် မြေသားအက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး ဖြတ်သန်းသွားရာ လမ်းကြောင်းပေါ်ရှိ မြို့ကြီးများဖြစ်သော မန္တလေး၊ အမရပူရ၊ တံတားဦး၊ အင်းဝ၊ စစ်ကိုင်း၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ နေပြည်တော်၊ ပျဉ်းမနား၊ တောင်ငူနှင့်ဖြူး စသည့်လူဦးရေထူထပ်ပြီး စီးပွားရေးအရ အချက်အချာကျသော မြို့ကြီးများတွင် အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည်။




မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုဖြစ်ပေါ်စေသော ပြတ်ရွေ့များပြပုံ

တစ်မျိုးဖြစ်သည်။

ယခုအခါ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ဂြိုဟ်များတစ်တန်းတည်းကျခြင်း ကဲ့သို့သော နက္ခတ်ဗေဒဆိုင်ရာဖြစ်စဉ်များကြောင့် ငလျင်လှုပ်ရှားနိုင်သကဲ့သို့ ရေးသားမှုများရှိနေရာ အဆိုပါဖြစ်စဉ်များသည် ငလျင်လှုပ်ရှားမှုနှင့်ဆက်နွှယ်နေခြင်းမရှိကြောင်း လေ့လာတွေ့ရှိရသည်။

ငလျင်သည် မြေထုချပ်များနှင့် ပြတ်ရွေ့များ ရွေ့လျားခြင်းကြောင့်သာ ဖြစ်ပေါ်နေကြခြင်းဖြစ်ပြီး ဂြိုဟ်များ၏အနေအထားနှင့် မသက်ဆိုင်ပါ။ ဂြိုဟ်များတစ်တန်းတည်းကျခြင်းသည် အာကာသဖြစ်စဉ်တစ်ခုသာဖြစ်ပြီး ဘေးအန္တရာယ်လက္ခဏာမဟုတ်ပါ။ လ၏ဆွဲအားသည် ဒီရေအတက်အကျဖြစ်စေသည့်အားရှိသော်လည်း ဂြိုဟ်များဆွဲအားသည် အလွန်နည်းပြီး ၎င်းတို့၏ Gravitational Pull သည် သေးငယ်သည့်အတွက် ငလျင်လှုပ်ရှားနိုင်သည်အထိ မဖြစ်နိုင်ပါ။ ဂြိုဟ်များတစ်တန်းတည်းဖြစ်စဉ်သည် တစ်ခါတစ်ရံဖြစ်တတ်သော်လည်း တစ်တန်းတည်းဖြစ်သည့် အချိန်တိုင်းတွင် ငလျင်လှုပ်ရှားမှုအား မှတ်တမ်းများအရ မတွေ့ရှိရပါ။ သို့ဖြစ်ပါ၍ နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ဂြိုဟ်များတစ်တန်းတည်းကျခြင်းတို့သည် ငလျင်လှုပ်ရှားမှုအပေါ် သက်ရောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရသည်။




ဂြိုဟ်များတစ်တန်းတည်းကျသည့်ဖြစ်စဉ်ပြပုံ

ငလျင်သည်ကြိုတင်ခန့်မှန်းတွက်ချက်၍ မရသော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း ယခုအခါ လူမှုကွန်ရက်များတွင် ငလျင်လှုပ်ရှားမှုနှင့်ပတ်သက်၍ ခန့်မှန်းရေးသားမှုများပြုလုပ်နေကြသည်။ ငလျင်လှုပ်ရှားမှုအား ယနေ့အချိန်ထိ မည်သည့်နိုင်ငံ၊ မည်သည့်ပညာရှင်မှ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိပါ။ ငလျင်သည် အခြားသောသဘာဝဘေးများကဲ့သို့ ဖြစ်လေ့ဖြစ်ထရှိသော အချိန်ကာလ ရာသီမရှိဘဲ အချိန်မရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေး

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ရှားခဲ့သော မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းပြတ်ရွေ့တစ်လျှောက် ၅၀၀ ကီလိုမီတာခန့် မြေသားအက်ကွဲမှုဖြစ်ပေါ်ပြီး အဆိုပါမြေသားများ မူလအခြေအနေသို့ရောက်ရှိအောင် လုပ်ဆောင်နေရ၍ နောက်ဆက်တွဲငလျင်များ လှုပ်ရှားနေရခြင်းဖြစ်သည်။ ထိုကဲ့သို့သော နောက်ဆက်တွဲငလျင်များ လှုပ်ရှားနေခြင်းအား မြေငလျင်ပညာရပ်ဖြင့်သာ နောက်ဆက်တွဲလှုပ်ရှားနိုင်သည့် အလားအလာကို ပြောကြားနိုင်ခြင်းဖြစ်ပြီး မည်သည့်နေ့ရက်တွင် အင်အားမည်မျှဖြင့် လှုပ်ရှားနိုင်မည်မျိုးတိတိကျကျ ကြိုတင်မခန့်မှန်းနိုင်ကြောင်း တွေ့ရှိရသည်။

မြေငလျင်ဆိုင်ရာ သိပ္ပံပညာရပ်တွင်ပင် ငလျင်လှုပ်ရှားမှုအား ကြိုတင်မခန့်မှန်းနိုင်ပါ၍ နက္ခတ်ဗေဒပညာရပ်ဖြင့်လည်း ကြိုတင်မခန့်မှန်းနိုင်ပါ။ ငလျင်သည် အချိန်တိုအတွင်းဖြစ်ပေါ်သောသဘာဝဘေးတစ်မျိုးဖြစ်ပြီး ငလျင်လှုပ်ရှားစဉ် မြေကြီးလှုပ်ရှားမှုကြောင့် တိုက်ရိုက်ထိခိုက်ဒဏ်ရာရရှိမှုသည် အလွန်နည်းပါးပြီး အထက်မှကျသော အရာဝတ္ထုများနှင့် အဆောက်အအုံများပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်လေ့ရှိသည်။ အင်အားပြင်းငလျင်ကြီးများလှုပ်ရှားပြီး နောက်ဆက်တွဲငလျင်ငယ်များသည် နာရီပေါင်းများစွာမှ တစ်ခါတစ်ရံ ရက်ပေါင်းများစွာကြာသည်အထိ ဖြစ်ပေါ်တတ်သည်။ မန္တလေးငလျင်ကြီးလှုပ်ရှားပြီးနောက် ၂၀၂၆ ခုနှစ်ဖေဖော်ဝါရီလ ၂၄ ရက်အထိ အင်အားပြင်းငလျင် ၁ ကြိမ်၊ အင်အားအသင့်အတင့်ရှိသော ငလျင် ၁၀ ကြိမ်၊ အင်အားပမာဏ ၃ ဒသမ သုညနှင့် အထက်ရှိသည့် အင်အားနည်းငလျင်ငယ် ၂၆၉ ကြိမ်၊ အင်အားပမာဏ ၃ ဒသမ သုညအောက်ရှိသည့် အင်အားနည်းငလျင်ငယ် ၂၈၈ ကြိမ်တို့ နောက်ဆက်တွဲငလျင်အဖြစ် လှုပ်ရှားခဲ့ကြောင်း တွေ့ရှိရသည်။

အင်အားပြင်း ငလျင်ကြီးများသည် ပင်လယ်ရေအောက်ကြမ်းပြင်တွင်ဗဟိုချက်အနက်တိမ်၍ အထက်အောက်လှုပ်ရှားသည့်အခါ နောက်ဆက်တွဲအဖြစ် ဆူနာမီဘေးအန္တရာယ်လည်း ကျရောက်နိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ၏ကမ်းရိုးတန်းဒေသကြီးများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်ငလျင်၏နောက်ဆက်တွဲဘေးအန္တရာယ်တစ်ခုဖြစ်သော ဆူနာမီကိုလည်း သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ငလျင်ဘေးသည် ကြိုတင်ခန့်မှန်း၍မရရှိနိုင်သောကြောင့် ငလျင်ဘေးနှင့်ပတ်သက်ပြီး ငလျင်ဆိုင်ရာပညာရှင်များ၏အကြံပြုချက်များအတိုင်း ငလျင်မလှုပ်ရှားမီ၊ လှုပ်ရှားနေစဉ်နှင့်လှုပ်ရှားအပြီး ဆောင်ရွက်ရမည်များအား သိရှိလိုက်နာပြီး ဇာတ်တိုက်လေ့ကျင့်မှုများ မကြာခဏဆောင်ရွက်ခြင်း၊ အများပြည်သူအား ငလျင်အသိနှင့်သတိရှိစေရန် အသိပညာပေးဟောပြောပို့ချမှုများ လုပ်ဆောင်ပေးခြင်း၊ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံများဆောက်လုပ်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် Myanmar National Building Code (MNBC) 2025 အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်းများ လုပ်ဆောင်သင့်ကြောင်းနှင့် ငလျင်သည် ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေးတစ်မျိုးသာဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

▼ **ကျောဖုံးမှအဆက်**

အင်းလေးဒေသဖောင်တော်ဦးမြတ်စွာဘုရားဖောင်ဆိပ်သို့ရောက်ရှိကြရာ ဒုတိယဝန်ကြီးများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ်ငါးဆူကို ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကန်တော့ပြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အင်းလေးဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ညောင်ရွှေဒေသရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ဖြန့်ခွဲပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ လက်ဝယ်သို့ အမှန်တကယ်ရောက်ရှိရေး၊ ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသည်များကိုလည်း အမြန်ဆုံးပြီးပြတ်အောင် ထောက်ပံ့ပေးအပ်နိုင်ရေး၊ နိုင်ငံတော်အစိုးရမှ ပေးအပ်ထားသည့် ထောက်ပံ့ငွေများအား လေလွင့်ဆုံးရှုံးမှုမရှိစေရေး ငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသ အမြန်ဆုံးမူလအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စနစ်တကျစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား မူလစံကျောင်းမြောက်ဘက်မုခ် လှေကားအသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညပိုင်းတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မီးလောင်မှုဖြစ်ပွားခဲ့သည့် ရုံအမှတ်(၈)ရှိ မီးလောင်ပျက်စီးခဲ့မှုအခြေအနေများနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးလောင်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆိုင်ခန်းပိုင်ရှင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာအုပ်စု၊ ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးတွင် ဖေဖော်ဝါရီလ ၂၅ ရက် ည ၈ နာရီ ၄၆ မိနစ်အချိန်ခန့်တွင် ဈေးရုံ၏ ရုံအမှတ်(၈)မှ စတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်အချိန်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်းနှင့် ဈေးရုံ ၅ ရုံအနက် ဈေးရုံ ၁ ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့် မီးလောင်ပျက်စီးခဲ့ပြီး ဈေးကြီးအတွင်းရှိ မီးလောင်ပျက်စီးမှုတွင်ပါဝင်ခြင်းမရှိသည့် ကျန်ဈေးရုံများနှင့်ဈေးဆိုင်ခန်းများတွင် ပုံမှန်အတိုင်းဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရောင်းချနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

◆ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမှ**

နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည်။

ရွေးကောက်ပွဲအပိုင်း (၃)ပိုင်းလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပြီးဖြစ်သည်။ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်း၏ အသက်အရွယ်အပိုင်းအခြားမှာ ၁၈ နှစ်မှ ၃၀ နှစ်ကြား ၂၄ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၄၀ နှစ်ကြား ၂၁ ရာခိုင်နှုန်း၊ ၄၀ နှစ်မှ ၅၀ နှစ်ကြား ၂၀ ရာခိုင်နှုန်း၊ ၅၀ နှစ်မှ ၆၀ နှစ်ကြား ၁၇ ရာခိုင်နှုန်း၊ ၆၀ နှစ်မှ ၇၀ ကြား ၁၁ ရာခိုင်နှုန်း၊ ၇၀ နှစ်အထက် ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များစာရင်းတွင် လူငယ်များပါဝင်မှု ရာခိုင်နှုန်းမှာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက ဆန္ဒမဲလာရောက်ပေးကြရာတွင်လည်း လူငယ်များပါဝင်ဆန္ဒမဲပေးမှုများ ပြားကြောင်းတွေ့ရှိရသည့်အတွက် လူငယ်များအနေဖြင့် နိုင်ငံ့အရေးကို ပိုစိတ်ဝင်စားမှုရှိလာကြောင်း သိရသည်။

မြဝတီ

**သဇင်(FM)အသံလွှင့်အစီအစဉ်**

၂၇-၂-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောမြို့ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးမှာကြားစဉ်။

လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့် အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များက မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့် စက်တပ်ရေယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေး ရေလမ်းကြောင်းရှိ ဒိုက်ဖတ်များ၊ မှော်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားကိန်းဝပ်သီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှောင်ဒဏ်ကြောင့် ပင်မစံကျောင်းတော်၏ ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိသော်လည်း မြောက်အရပ် ပင်မလှေကားထိပ်နှင့် ပင်မစံကျောင်းတော်ထိစပ်နေရာ၌ အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက်အရပ်မျက်နှာရှိ လှေကားထိပ်နှင့်စံကျောင်းတော်မှာ မူလကပင် တွဲဆက်ထားခြင်းမဟုတ်သည့်အတွက် ၃ လက်မမှ ၆ လက်မအထိ ကွာဟသွားခဲ့ကြောင်း၊ အဆိုပါအခြေအနေအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ်ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော်အရှေ့ဘက်၊ အနောက်ဘက်မုခ်ဦးစောင်းတန်းလှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတောင်ဘက်မုခ်လှေကားနှင့် မြောက်ဘက် အာရုံခံတန်ဆောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက်အဆောင် ၁၀၀ ရာခိုင်နှုန်း ပြန်လည်ပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်းနှင့် မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ် မတ်စောက်သည့်အတွက် လှေကားအသစ် ပြန်လည်တည်ဆောက်လျက်ရှိကြောင်းနှင့် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများအားတွေ့ဆုံ၍ တပ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးမှာကြားခဲ့သည်။ အလားတူ ယနေ့ညနေပိုင်းတွင်လည်း ကလောမြို့၊ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) လေ့လာဆန်းစစ်အကဲဖြတ်ခြင်း အညွှန်းဘောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(၂၀၂၁ -၂၀၃၀) လေ့လာဆန်းစစ်အကဲဖြတ်ခြင်းအညွှန်းဘောင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကအကျဆုံးသည် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများပင်ဖြစ်ကြောင်း၊ အခြေခံပညာ၏ လိုအပ်ချက်ဖြစ်သည့် အရည်အသွေးကောင်းသော ဆရာ၊ ဆရာမများကို မွေးထုတ်ပေးနိုင်ရန် ပညာရေးတက္ကသိုလ်များတွင် Teachers Competency Framework ရှိပြီး Framework နှင့်အတူ စီမံကိန်းများရေးဆွဲရကြောင်း၊ ယင်းပေါ်တွင်မူတည်၍ ဘတ်ဂျက်များ ချထားပေးခြင်းဖြစ်သည့်အတွက်သက်ဆိုင်ရာ ဦးစီးဌာနများက ဘတ်ဂျက်နှင့်လိုက်လျောညီထွေဖြစ်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနတွင် ဆရာ၊ ဆရာမများ၏ သုတေသနလုပ်ငန်းများရှိကြောင်း၊ သုတေသနများအတွက် စီမံကိန်းများရေးဆွဲရပြီး ဘတ်ဂျက်များခွဲဝေရခြင်းဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် Framework ပေါ်တွင် အခြေခံပြီး တိုင်းတာဆန်းစစ်မည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ် အသုံးပြုခြင်းဖြင့် ပညာရေးဝန်ကြီးဌာန၏ အထောက်အထားအခြေပြု မူဝါဒများချမှတ်ရာတွင် အားကောင်းလာစေမည်ဖြစ်ကြောင်း၊ လေ့လာဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်က ရရှိလာသည့် အထောက်အထားများနှင့် သင်ခန်းစာများကို အသုံးပြုပြီး စီမံကိန်းရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေလျာထားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု၏ အရည်အသွေးနှင့် ထိရောက်မှုကိုအကဲဖြတ်နိုင်ရန် စီမံကိန်းကာလအတွင်း (၂၀၂၆ ခုနှစ်) နှင့် စီမံကိန်းကာလအပြီး (၂၀၃၀ ပြည့်နှစ်) တို့တွင် အခြေအနေကို အကဲဖြတ်သုံးသပ်မှု လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အကဲဖြတ်သုံးသပ်မှုများသည် ပညာရေးဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)၏ ရည်မှန်းချက်ပန်းတိုင်နှင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာတွင် မဟာဗျူဟာမြောက် အပြောင်းအလဲ (၁၀)ရပ်ကို ပေါက်မြောက်အောင်မြင်နိုင်စေရန်အတွက် စုပေါင်းအင်အားနှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အညွှန်းဘောင်နှင့်အညီ လေ့လာဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)၏ မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်မှုကို ပိုမိုတိုးတက်အားကောင်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် အဓိကရလဒ်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအသီးသီးမှ တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ အပိုင်း(၁)နှင့် အပိုင်း(၂) တို့ကို ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲအတွက် ဖြေဆိုမှုအချိန်များ ပြောင်းလဲသတ်မှတ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၂၆ ခုနှစ် ဇူလိုင်လတွင်ဖြေဆိုမည့် ဂျပန်ဘာသာအရည်အချင်းစစ် JLPTစာမေးပွဲအတွက် ဖြေဆိုမှုအချိန်များ ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

ယခင်စာမေးပွဲများတွင် ဖြေဆိုချိန်စတင်ပြီး ၁၀ မိနစ်အတွင်း နောက်ကျရောက်ရှိသူများအား(Listening session မပါ) ဝင်ခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင်ဖြေဆိုမှုအချိန်များ ပြောင်းလဲသတ်မှတ်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လ JLPT စာမေးပွဲမှစတင်၍ ဖြေဆိုသူအားလုံး စာဖြေခန်းထဲသို့ ရောက်ရှိရမည့် Check-in Time အချိန်အား N1, N2 Level ဖြေဆိုသူများအတွက် နံနက် ၈ နာရီမှ နံနက် ၈ နာရီ ၄၅ အတွင်း နှင့် N3, N4, N5 Level ဖြေဆိုသူများအတွက် နံနက် ၁၀ နာရီမှ နံနက် ၁၀ နာရီ ၄၅ အတွင်းဟု သတ်မှတ်ထားသည်။

ဖြေဆိုသူများအနေဖြင့် ပထမပိုင်းဖြေဆိုချိန်အတွက် Check-in Time အတွင်း မရောက်ရှိပါက စာမေးပွဲခန်းအတွင်း ဝင်ခွင့်ပြုမည်မဟုတ်သကဲ့သို့ ဒုတိယပိုင်းနှင့် နောက်ပိုင်းဖြေဆိုချိန်များတွင်လည်း နောက်ကျမှရောက်ရှိသူများကို ဖြေဆိုခွင့်ပေးမည်မဟုတ်ကြောင်း သိရသည်။

အဆိုပါသတ်မှတ်ချိန်များအား စာဖြေသူများ၏ Test Voucher နောက်ကျောဘက်တွင်လည်း Check-in Time အနေဖြင့် ဖော်ပြပေးထားမည်ဖြစ်သည်။ Check-in Time ပြီးဆုံးသည့်အချိန်မှ Listening ပိုင်းပြီးဆုံးသည့်အချိန်သည် စာမေးပွဲဖြေဆိုချိန်အဖြစ် သတ်မှတ်ထားသည်။ နားချိန်များအပါအဝင် စာမေးပွဲဖြေဆိုချိန်အတွင်း မည်သည့်အီလက်ထရောနစ်ပစ္စည်းမျှအသုံးပြုခွင့်မရှိကြောင်း သိရသည်။

ဖြူဖြူ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing receives State Space Corporation "Roscosmos" Director General

NAY PYI TAW February 26

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing received a delegation led by State Space Corporation "Roscosmos" Director General Mr. Dmitry V. Bakanov of the Russian Federation at the parlour of Zeyathiri Villa here this morning.

Also present at the call together with the Senior General were SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo and officials. The "Roscosmos" director general was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov, the "Roscosmos" deputy director general and officials.

At the call, views on matters relating to enhancing space technology cooperation between Myanmar and Russia, strengthening cooperation between "Roscosmos" of Russia and Myanmar Space Agency, efforts to develop space technology in Myanmar, launching of satellites in the interest of Myanmar and its people, human resources development in space technology for Myanmar, cooperation in satellite communication technology, visits of interested youths to Space Museum (Yangon) that had been upgraded, research and use of outer space with peaceful purposes between the two countries, efforts to improve new generation's knowledge on space technology, and sending scholars for space technology were cordially exchanged.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing receives State Space Corporation "Roscosmos" Director General Mr. Dmitry V. Bakanov.

After the call, Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing and the "Roscosmos" director general exchanged commemorative gifts and posed for documentary photos together with attendees.

**100**

# Ridged gourd trading booming in domestic market in Myanaung Township

MYANAUNG February 26

"Ridged gourd is in high demand at the domestic market in Myanaung Township of Ayeyawady Region," said Daw Swe Swe, the owner of green grocery wholesale owner in Myanaung Township.

In Myanaung Township, locally produced ridge gourd has been traded at vegetable wholesale markets since the second week of December last year and continues up to the present. Purchases have increased to between 35,000 and 55,000 pieces per day, resulting in brisk trading. It is reported that ridge gourd is currently selling at prices of up to Ks-27,000 per 100 pieces.

"Ridge gourds produced here are seeing strong demand from other townships. At present, daily trading volume has reached up to 55,000 pieces. Ridge gourd is a local product of Myanaung Township, and the gourds currently being traded are of good quality. As a locally produced crop, they are affordable, clean, and fresh for consumers. Buyers from other regions are actively purchasing ridge gourds from this wholesale market. With rising demand for locally produced ridge gourd, vegetable farmers are finding better opportunities," said Daw Swe Swe.

It is also reported that Myanaung Township is currently in the peak season for locally produced seasonal vegetables, including ridge gourd. Due to strong demand and active sales, preparations are being made to expand cultivation. As only locally produced goods are being sold, transportation costs are lower, and trading focuses on fresh produce, bringing added benefits to farmers and traders.

**SK**

# Mawlaik District cultivates over 3,000 acres of winter soybeans

MAWLAIK February 26

More than 3,000 acres of soybeans have been planted in Mawlaik District during 2025-2026 winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 7,600 acres of soybeans have been planted in Mawlaik District. They have been planted since October this year. To date, a total of 3,143 acres: 115 acres in Mawlaik Township and 3028 acres in Phaungpyin Township, have been planted.

"We are working to ensure that the target acres are planted. We will also provide education to prevent pests. We have also encouraged farmers to obtain the necessary seeds and to be aware of them," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, the township-wise allocation for soybean cultivation in Mawlaik District is 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totalling 7,600 acres.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

■■ From Page - 21

After consultations with local state engineers and teams and experts from the Myanmar Engineering Society, efforts were made to carry out restorations to preserve the original design. It has been reported that the restoration works are now complete: 100 percent of the repaving of the heat-resistant stone slabs in the courtyard, 100 percent of the reinforced concrete underlayment of the original PhaungdawU Buddha monastery building, 100 percent of the arched stairways on the east and west sides of the original main monastery, 100 percent of the southern arched staircase and the northern sensory tier of the original main monastery, and 100 percent of the Karaweik building have been finished. Pilgrims and the public can now safely and peacefully come and pay homage. It is also learnt that regarding the staircase at the northern arch, as the original one was slightly steep for carrying the sacred Inle PhaungdawU Buddha images during the local pilgrimage circuit from the main monastery, a new staircase is being constructed and is expected to be completed by the end of March.

In addition, it is reported that Vice-Senior General Soe Win met with school commandants and battalion/unit commanders in Bahtoo Station in the morning today and discussed in detail matters concerning army building and the progress and future plans for training activities. Similarly, in the evening today, he met with senior trainee officers at the Command and General Staff College in Kalaw and discussed in detail matters to be observed and implemented concerning operational issues.

100

# Combined teams capture illegal foreigners conducting online scam and gambling near Myitta Lin Myaing Village, Myawady Township

NAY PYI TAW February 26

Myanmar is giving special priority to anti-online scam and gambling that harms the social life of the entire mankind of the world and causes multiple threats as a national task. In doing so, combined teams with the involvement of security forces, administrative bodies and local officials were clearing the areas to prevent illegal businesses from operating and illegal migrants from residing, to dismantle illegal buildings in Shwekokko area and KK Park area, the largest online scam and gambling centre. They had systematically dismantled illegal buildings in the Myawady-Maehtawthalay (KK Park) area and identified and arrested foreigners who were operating online scam and gambling businesses. News about the abovementioned anti-online scam and gambling activities



A building used in online scam and gambling business near Myitta Lin Myaing Village, Myawady Township.



Photos show the arrested foreigners who were committing online scam and gambling near Myitta Lin Myaing Village, Myawady Township.



Combined teams arrest foreign citizens running online scam and gambling near Myitta Lin Myaing Village, Myawady Township.



Photos show the arrested foreigners who were operating online scam and gambling near Myitta Lin Myaing Village, Myawady Township.

had already been released.

During the ongoing anti-online scam and gambling operations, the combined teams had exposed and arrested 148 Chinese citizens, three Thai citizens, three Filipino citizens, one Cambodian citizen and one Russian citizen, totalling 156 in a five-storey RC building and seized 110 All-in-one computers, 2,200 cellphones and related items used in online scam and gambling business near Myitta Lin Myaing Village, Myawady Township this afternoon.

The foreign nationals detained in this manner are being held at the Myawady Myoma Police Station, where departmental joint teams are carrying out the necessary processes of collecting personal data and recording their information.

Foreign nationals who were involved in illegal activities, including seized illegal online gambling and online fraud, will be processed for repatriation to their respective countries as soon as possible in consideration of humanitarian principles and friendly relations, and the seized equipment used in committing online fraud and gambling will also be handled in accordance with procedures to ensure they cannot be reused.

The State Government will continue to treat the suppression of online fraud and gambling as a national duty, coordinating with both domestic forces and neighboring governments to ensure that these activities cannot be based within Myanmar at all.

100

# Russia, Belarus team up to resist sanctions, cooperate on foreign policy & defence

MOSCOW February 26

The process of deepening the integration of Russia and Belarus is natural and mutually beneficial, Russian President Vladimir Putin said on Thursday.

"The process of deepening integration between our two countries is logical, natural and, I would like to emphasize this, mutually beneficial. It is based on the indestructible bonds of fraternal friendship, centuries-old traditions of good neighborliness, mutual support, and common cultural, spiritual, and moral values of the Russian and Belarusian peoples," Putin said at a meeting of the Supreme State Council of the Union State in Moscow.

Russia and Belarus have achieved much in the development of the Union State through coordinated efforts, the president said, adding that favorable conditions have been created on the territory of the Union State for the implementation of macroeconomic policy.

Additionally, Russia and Belarus jointly resist sanctions pressure, Putin said.

Russia and Belarus closely cooperate in the field of foreign policy and defence, Putin also said.

"I would like to note that Russia and Belarus closely cooperate as allies in the field of foreign policy and defence," Putin said at a meeting of the Supreme State Council of the Union State in Moscow.

The approaches of Russia and Belarus to topical international issues are always close or even coincide, Putin said, adding that both countries will continue to do everything necessary to ensure the security of the Union State with all available ways and means.

Russia and Belarus stand for the formation of a just and multipolar world, Russian President said.

"We advocate the formation of a truly just, multipolar world," Putin said at a meeting of the Supreme State Council of the Union State in Moscow.

Russia and Belarus also strive to participate constructively in solving global and regional problems, the president added.



The practical implementation of the Treaty on security guarantees within the Union State framework has begun, Belarusian President Alexander Lukashenko said.

"The geopolitical situation objectively sets us the task of being ready to jointly respond to any challenges. The practical implementation of the Treaty on security guarantees within the framework of the Union State has begun. In December, the Oreshnik missile system went on combat duty in Belarus, as we agreed," Lukashenko said at a meeting of the Supreme State Council of the Union State in Moscow.

**Sputnik**

# Death toll in Brazil rainstorms rises to 46

RIO DE JANEIRO February 26

The death toll from heavy rains in Brazil's southeastern Minas Gerais state has risen to 46, with 21 people still missing, according to the latest official update on Wednesday.

The hardest-hit city, Juiz de Fora, accounts for 40 of the fatalities, while the neighboring municipality of Uba has reported six deaths. Authorities added that 19 individuals remain missing in Juiz de Fora and two in Uba.

Approximately 3,000 people in Juiz de Fora and 26 in Uba have been left homeless, while 400 and 178 residents, respectively, have been evacuated due to the risk of landslides and flooding.

The municipal authorities of both Juiz de Fora and Matias Barbosa have declared a state of public calamity to access federal resources and expedite emergency responses. Classes across municipal schools have been suspended.



The heavy rainfall, which intensified on Monday afternoon, has caused rivers to overflow, leading to the closure of bridges and an underpass, along with fallen trees and blocked roads. February has already become the wettest month on record in Juiz de Fora, with precipitation levels more than double the historical average.

Brazilian President Luiz Inacio Lula da Silva expressed solidarity with the victims and rescue teams, while Minas Gerais Governor Romeu Zema declared three days of official mourning in the state. The Ministry of Defence is supporting emergency efforts with troop deployments for cleanup, debris removal, logistical aid, temporary shelters and helicopter-assisted humanitarian operations.

**Xinhua**

# Kanlaon volcano in central Philippines erupts

MANILA February 26

Mount Kanlaon in the central Philippines erupted on Thursday, generating an ash plume that rose about 2,500 meters above the crater before drifting southwest, the Philippine Institute of Volcanology and Seismology (Phivolcs) said.

Phivolcs reported on Thursday evening that a moderate explosive eruption occurred at 7:04 pm local time, lasting approximately 2 minutes.

The institute said it will continue monitoring and assessing the volcano's activity over the next 24 hours for any changes to the current alert level.

In a social media advisory, Phivolcs said incandescent fragments were ejected around the crater during the eruption, while pyroclastic density currents descended the eastern and southeastern upper slopes within 2 km of the summit.

Alert Level 2 remains in effect over Kanlaon, prohibiting entry into the 4-km permanent danger zone due to ongoing unrest and the risk of sudden explosive activity.

Kanlaon straddles the provinces of Negros Oriental and Negros Occidental on Negros Island and is among the country's most active volcanoes.

**Xinhua**

# Iran has no plans regarding nuclear weapons - President

TEHRAN February 26

Iran's leadership has no plans to obtain nuclear weapons, Iranian President Masoud Pezeshkian said on Thursday, commenting on the US's remark on the absence of the relevant promise.

In his State of the Union address to Congress, US President Donald Trump said that he prefers diplomacy with Iran but has never heard "secret words" from Iran that it will never have nuclear weapons.

"Opponents say that Iran should not seek to obtain nuclear weapons, but we have repeatedly said that we do not want this," Pezeshkian was quoted as saying by the Tasnim news agency.

Iran has conveyed to the United States through Oman its proposals regarding a possible nuclear deal, the IRNA news agency reported on Thursday.

Omani Foreign Minister Badr Albusaidi conveyed these proposals to the American side as an intermediary.

**Sputnik**

# SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win pays homage to Inle PhaungdawU Pagoda at bejewelled chamber and inspects repairs of damaged religious buildings caused by Mandalay earthquake in Inle region of Nyaungshwe Township and meets commandants of training schools, regiments and units in Bahtoo Station

NAY PYI TAW February 26

Vice Chairman of the State Security and Peace Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Shan State Chief Minister U Aung Aung, senior military officers from the Office of the Commander-in-Chief, the commander of Eastern Command and officials, this morning paid homage to Inle PhaungdawU Pagoda at bejewelled chamber and inspected repaire of damaged religious buildings caused by Mandalay earthquake in Inle region of Nyaungshwe Township.

First, the Vice-Senior General and party arrived at the jetty of PhaungdawU Pagoda in Inle region of Nyaungshwe Township and were welcomed by deputy ministers, township level departmental officials, members of the pagoda board of trustees and town elders.

The Vice-Senior General and party offered flower, water and gold foils to pay homage to five PhaungdawU Buddha images and donated cash to the fund for overall renovation. Members of the Pagoda Board of Trustees accepted the donation and returned Dhamma gifts. The Vice-Senior General signed the guests' book.

At the briefing hall, officials reported to the Vice-Senior General and party on facts about the Inle region, accomplishment of the guidance of the Head of State, damage in the earthquake, progress in repairing the damaged structures, distribution of cash assistance and utensils provided by the National Disaster Management Committee to the earthquake-affected people in Nyaungshwe region. The Vice-Senior General gave instructions to actually provide cash assistance, supplies and construction materials for the quake-affected people, complete supply of remaining aid to them as quickly as possible, and systematic management for minimizing loss of cash assistance provided by the State and development of the quake-affected Inle region better than the past, and coordinated with officials to fulfill the needs.

Then, the Vice-Senior General and party inspected the cracks and damage to the heat-resistant stone slabs in the pagoda courtyard caused by the earthquake, the collapse and damage of archways, staircases, the Karaweik barge building, and other religious structures. They also inspected the restoration works being carried out to their original design without alteration by state engineers and teams, and experts from the Myanmar Engineering Society. Furthermore, they inspected the clearing of silt, weeds, and garbage from water channels to ensure the safe navigation of small mechanized watercraft for the long-term sustainability and greening of Inle Lake. They then coordinated necessary actions with responsible officials.

It is learnt that although the main structure of the bejewelled chamber building, where the sacred Inle PhaungdawU Buddha images are enshrined, remained sound after the Mandalay earthquake on March 28, 2025, there was minor damage at the junction of the main northern staircase top and the main monastery building. The staircase tops on the east, west, and south sides, which were not originally attached to the main monastery building, have separated by 3 to 6 inches.

See Page - 19



Vice-Senior General Soe Win presents cash donation for PhaungdawU Pagoda.



Vice-Senior General Soe Win hears a report on progress in carrying general renovation of PhaungdawU Pagoda.



Vice-Senior General Soe Win meets with senior trainee officers at the Command and General Staff College in Kalaw.

# မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီး Online လိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေသည့်တရားမဝင်ပြည်ပနိုင်ငံသားများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီး တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ပြည်ပနိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် online လိမ်လည်မှုများ၊ online လောင်းကစားမှုများတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အထူးအလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ Online လိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နယ်မြေခံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ အခြေချနေထိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ Online လောင်းကစားမှု၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ တရားမဝင် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီးတွင် Online လိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား ၁၄၈ ဦး၊ ထိုင်းနိုင်ငံသား ၃ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၃ ဦး၊ ကမ္ဘောဒီးယားနိုင်ငံသား ၁ ဦးနှင့် ရုရှားနိုင်ငံသား ၁ ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို RC ၅ ထပ်အဆောက်အအုံတစ်ခုအတွင်း၌ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ ၁၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၂၀၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှု။







မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်သူပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိမှု။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့၊ မြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်းမရှိစေရေး လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုပွဲကို ယမန်နေ့ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်သည့် Video Clip အားပြသသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုလေးခု၊ ငွေတံဆိပ်ဆု ၁၁ ခု၊ ကြေးတံဆိပ်ဆု ၁၄ ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ်ဆုနှစ်ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဘိလိယက်နှင့် စနူကာအားကစားနည်းမှ ရွှေတံဆိပ်ဆုတစ်ခု၊ ကြေးတံဆိပ်ဆုတစ်ခုဖြင့် ဆုရရှိခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွက်လှေအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ ရိုးရာလှေအားကစားနည်းမှ ကြေးတံဆိပ်ဆု ရှစ်ခု၊ ကနူး/ ကယက် အားကစားနည်းမှ ငွေတံဆိပ်ဆု နှစ်ခု၊ ပိုက်ကျော်ခြင်းအားကစားနည်းမှငွေတံဆိပ်ဆုသုံးခု၊ ကြေးတံဆိပ်ဆုတစ်ခု၊ Teq Ball အားကစားနည်းမှ ငွေတံဆိပ်ဆုလေးခု၊ ကြေးတံဆိပ်ဆု တစ်ခု၊ တိုက်ကွမ်ဒိုအားကစားနည်းမှ ကြေးတံဆိပ်ဆု လေးခု၊ ဂျူဒိုအားကစားနည်းမှ ကြေးတံဆိပ်ဆုသုံးခု၊ စစ်တုရင်အားကစားနည်းမှ ကြေးတံဆိပ်ဆုနှစ်ခု၊ လက်ဝှေ့အားကစားနည်းမှ ကြေးတံဆိပ်ဆု နှစ်ခု၊ မြင်းစီးအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခုရရှိခဲ့ကြသည့် အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်စန္ဒာသွယ်နှင့်တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ အားကစားသမားများကိုယ်စား ခြင်းလုံးအားကစားနည်းမှ ရွှေတံဆိပ်ဆုရှင် မခိုင်သဇင်ဖြိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းသိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ




ဘားအံ ဖေဖော်ဝါရီ ၂၆

၂၀၂၆ ခုနှစ် မြင်းနှစ် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ကျန့်တိတ်တရုတ်အမျိုးသားဘုံကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများအား ဘားအံကျန့်တိတ်ဘုံကျောင်းလူကြီးများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေမျိုးပေါက်ဖော်ညီအစ်ကိုရင်းချာစိတ်ဓာတ်ကို အရင်းခံ၍ အပြန်အလှန်လေးစားမှု၊ နားလည်မှုတို့ဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကာ တရုတ်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ စာပေ၊ ဘာသာစကားတို့ကို လက်ဆင့်ကမ်းထိန်းသိမ်းဖော်ထုတ်မြှင့်တင်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ကျန့်တိတ်ဘုံကျောင်းလူကြီးများက တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အတူတကွညစာသုံးဆောင်ကြကာ Grand Dragon အဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ နှစ်သစ်ကူးအထိမ်းအမှတ် အန်ပေါင်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဟသ်ာတ ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ငရုတ်သီးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်လှလှထွေး၏ ပြောပြချက်အရ သိရသည်။



ဟသ်ာတမြို့နယ်၌ ဖေဖော်ဝါရီလ တတိယပတ်မှစ၍ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက်များ ပေါ်ချိန်ဖြစ်ပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေသောကြောင့် ငရုတ်သီးခြောက်များ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက ငရုတ်သီးအသစ်တွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလို လယ်ယာလုပ်သားတွေလည်းအဆင်ပြေလာပါတယ်။ ငရုတ်သီးခြောက်က ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ မနှစ်ကထက် အရောင်းအဝယ်ကောင်းနေတာပါ"ဟု ဒေါ်လှလှထွေးကပြောသည်။

ဟသ်ာတမြို့နယ်မှထွက်ရှိသည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါကင်းရှင်းကြောင်း၊ အဆိုပါဒေသထွက်ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် စိုက်ပျိုးသူများနှင့် လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်က ပဲပုပ်များကို မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသသို့ ပို့မိုတိုးမြှင့်တင်ပို့လာနေရ

ဝါရှင်တန်၊ ပို့ကုန်တင်ပို့မှု

အမေရိကန်နိုင်ငံသည် ယခုနှစ်အစောပိုင်းမှစ၍ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသသို့ ပဲပုပ်များကို ပိုမိုတိုးမြှင့်တင်ပို့လာနေရကြောင်း သိရသည်။ အရှေ့တောင်အာရှသို့ အမေရိကန် ပဲပုပ်တင်ပို့မှုတိုးမြှင့်နိုင်ရန် အမေရိကန်တင်ပို့ရောင်းချသူနှင့် မြန်မာဝယ်ယူသူများကြား သဘောတူညီချက်အသစ် လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်း၊ ယခုကဲ့သို့ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများက ဒေသတွင်း၌ ခိုင်မာသော ထောက်ပံ့ရေးကွင်းဆက်များနှင့် ရေရှည်စီးပွားရေးအဆက်အသွယ်များကိုလည်း ပိုမိုအားကောင်းစေကြောင်း၊ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုပြီး ထုတ်လုပ်သူများနှင့် ဝယ်ယူသူများအတွက် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမည့် ကုန်သွယ်ရေးအစီအစဉ်များကို ကြိုဆိုကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက လူမှုကွန်ရက်၌ဖော်ပြထားသည်။



ယခင်က အမေရိကန်နိုင်ငံ၏ပဲပုပ်များကို အများဆုံးတင်သွင်းသူမှာ တရုတ်နိုင်ငံဖြစ်သော်လည်း ယခုအခါ အမေရိကန်နိုင်ငံအနေဖြင့် အရှေ့တောင်အာရှဒေသသို့ပါ တိုးမြှင့်တင်ပို့လာနေရခြင်းဖြစ်သည်။ ၂၀၂၄-၂၀၂၅ ခုနှစ် ဈေးကွက်ရာဖွေရေးနှစ်အတွင်း အမေရိကန်အနေဖြင့် တရုတ်နိုင်ငံမဟုတ်သော အခြားနိုင်ငံများသို့ ပဲပုပ်တင်ပို့မှုမှာ ၃၀ ရာခိုင်နှုန်းအထိမြင့်တက်လာသည်ကိုတွေ့ရသည်။

အရှေ့တောင်အာရှဒေသအတွင်း အမေရိကန်နိုင်ငံမှပဲပုပ်များကို အများဆုံးဝယ်ယူတင်သွင်းနေသည့်နိုင်ငံများမှာ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။ ထိုနိုင်ငံများအနက် အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်နိုင်ငံအတွက် တတိယမြောက်အကြီးဆုံး ပဲပုပ်ဈေးကွက်အဖြစ်ရပ်တည်နေပြီး ဒေသတွင်း၌ အမေရိကန်မှပဲပုပ်များကို အများဆုံးတင်သွင်းနေသူဖြစ်သည်။ ၎င်း၏နောက်တွင် ဗီယက်နမ်နှင့်ဖိလစ်ပိုင်တို့ရပ်တည်နေပြီး ထိုင်းနိုင်ငံသည်လည်း ယခုနောက်ပိုင်းတွင် အမေရိကန်မှပဲပုပ်များကိုတိုးမြှင့်တင်သွင်းလာနေသည့်နိုင်ငံဖြစ်သည်။

အချို့ဒေသများတွင် ပဲပုပ်ကိုတိရစ္ဆာန်အစာအဖြစ်သာ အသုံးပြုကြသော်လည်း အရှေ့တောင်အာရှဒေသတွင်မူ ပဲပုပ်ကို စားစရာတစ်ခုအဖြစ် သုံးစွဲနေခြင်းဖြစ်သည်။ အထူးသဖြင့် အမေရိကန်နိုင်ငံမှ ထွက်ရှိသော ပဲပုပ်များ၏အရောင်အသွေး၊ အရွယ်အစားနှင့် အရည်အသွေးကောင်းမွန်မှုတို့ကြောင့် ပဲနို့နှင့်တိုဟူးများပြုလုပ်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ ငါးမွေးမြူရေးနှင့်ပုစွန်မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသည့် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က သမားရိုးကျငါးစာများနေရာတွင် အမေရိကန်မှတင်သွင်းသော ပဲပုပ်အစာများကိုအစားထိုးအသုံးပြုလျက်ရှိကြောင်းသိရသည်။

Ref: AGC

# တောင်ကိုရီးယားသမ္မတက မြောက်ကိုရီးယားနှင့် ရန်လိုမှုများလျှော့ချရန် တိုက်တွန်း

ဆိုး၊ ငြိမ်းချမ်းရေး

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်ကမြောက်ကိုရီးယားနှင့်ရန်လိုမှုများလျှော့ချရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်သွားရန် ဖေဖော်ဝါရီလ ၂၆ ရက်တွင်တိုက်တွန်းသည်။ နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးတန်ဖိုးများကို ရှေးရှုရမည်ဖြစ်ကြောင်း၊ စစ်မက်ဖြစ်ပွားရေးနှင့် ထိပ်တိုက်ရင်ဆိုင်မှုများဆီသို့ ဦးတည်နေသည့် အတိတ်ကာလများမှ ရုန်းထွက်ရမည်ဖြစ်ကြောင်း လီဂျေမြောင်ကသမ္မတရုံးအတွင်းဝန်များနှင့်ဆွေးနွေးစဉ်ပြောခြင်းဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မမောနိုင်မပန်းနိုင်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့မှတစ်ဆင့် ယုံကြည်မှုနှင့် စာနာနားလည်မှုများကို တည်ဆောက်သွားမည်ဆိုပါက ကိုရီးယားကျွန်းဆွယ်တွင် စနစ်တကျရှိသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများ အမှန်တကယ် ရရှိလာမည်ဖြစ်ကြောင်း လီဂျေမြောင်ကပြောသည်ဟုသိရသည်။

Ref: Sputnik

# အီရန်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်ရန် အစီအစဉ်မရှိကြောင်း သမ္မတပြော

တီဟီရန်၊ နျူကလီးယား

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များရယူပိုင်ဆိုင်ရန် အစီအစဉ်မရှိကြောင်း အီရန်သမ္မတက ဖေဖော်ဝါရီလ ၂၆ ရက်တွင် ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် အီရန်နှင့် သံတမန်ရေးအရဆောင်ရွက်လိုသော်လည်း အီရန်ဘက်မှ နျူကလီးယားလက်နက် မထုတ်လုပ်ပါဟူသော ကတိကဝတ်မျိုး မကြားရသေးကြောင်း ပြောဆိုချက်အပေါ် အီရန်သမ္မတက ယခုကဲ့သို့ တုံ့ပြန်ခြင်းဖြစ်သည်။

ထို့ပြင် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ရယူလိုခြင်းမရှိကြောင်း အကြိမ်ကြိမ်ပြောဆိုထားပြီးဖြစ်သည်ဟု Tasnim သတင်းဌာနက ဖော်ပြထားသည်။ အီရန်နိုင်ငံသည် နျူကလီးယားသဘောတူညီချက်နှင့်ပတ်သက်သည့် ၎င်းတို့၏အဆိုပြုချက်များကို အိုမန်နိုင်ငံမှတစ်ဆင့် အမေရိကန်ထံသို့ ပေးပို့ထားကြောင်းသိရသည်။

Ref: Sputnik

# လူသားတို့၏ ထိခိုက်လွယ်သောမေးခွန်းများကိုဖြေရန် ဂျပန်က ဘုန်းတော်ကြီးပုံစံ AI စက်ရုပ်ကိုဖန်တီး



တိုကျို၊ နည်းပညာ

ဂျပန်သုတေသနပညာရှင်များသည် လူများအား စိတ်ပိုင်းဆိုင်ရာအကြံဉာဏ်များပေးနိုင်ရန်နှင့် နောင်တစ်ချိန်တွင် ဘုန်းတော်ကြီးရှားပါးမှုပြဿနာကို ဖြေရှင်းရန် ဘုန်းတော်ကြီးပုံစံ AI စက်ရုပ်ကို ဖေဖော်ဝါရီလ ၂၅ ရက်တွင် မိတ်ဆက်ပြသလိုက်သည်။ ခက်ခဲနက်နဲသော ဗုဒ္ဓစာပေများကို သင်ယူထားသည့် အဆိုပါစက်ရုပ်သည် လူသားအချင်းချင်းပြောပြရန် ဝန်လေးနေသည့် ထိခိုက်လွယ်သော မေးခွန်းများကို ဖြေကြားပေးနိုင်သည်ဟု ကျိုတိုတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

Buddharoid ဟု အမည်ပေးထားသော လူသားပုံစံစက်ရုပ်သည် ဘာသာရေးဆိုင်ရာနေရာဌာနများတွင် အသံဖြင့် ဆက်သွယ်ရုံသာမက ကိုယ်တိုင်ရှိနေသကဲ့သို့ ခံစားချက်ကိုပါပေးစွမ်းနိုင်သည်။ ထို့ကြောင့် အနာဂတ်တွင် လူသားဘုန်းတော်ကြီးများ လုပ်ဆောင်ရသည့်ဘာသာရေးအခမ်းအနားများတွင် ကူညီပေးရန် သို့မဟုတ် အစားထိုးရန် ဖြစ်နိုင်ခြေရှိကြောင်း တက္ကသိုလ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါဘုန်းတော်ကြီးပုံစံ AI စက်ရုပ်ကို ပါမောက္ခဆေးဂျီကူမာဂါအိက AI မော်ဒယ်များကိုအသုံးပြုကာ အင်ဂျင်နီယာကုမ္ပဏီများနှင့်ပူးပေါင်း၍ ဘာသာရေးချတ်ဘော့များကိုတီထွင်ခဲ့ခြင်းဖြစ်သည်။ ယခုတီထွင်မှုအသစ်အတွက် တရုတ်ထုတ် ယူနီထရီး ဂျီဝမ်းလူတူစက်ရုပ်တွင် BuddhaBotPlus စနစ်ကို ထည့်သွင်းဖန်တီးထားခြင်းဖြစ်သည်။

Ref: ST

# အမေရိကန်က မြောက်ကိုရီးယားကို နျူကလီးယားနိုင်ငံအဖြစ် အသိအမှတ်ပြုပါက ဆက်ဆံရေးပြန်ထူထောင်မည်ဟုဆို

ပြုံယမ်း၊ ဆက်ဆံရေး

အမေရိကန်နိုင်ငံအနေဖြင့် ရန်လိုသောမူဝါဒများကိုစွန့်လွှတ်ပြီး မြောက်ကိုရီးယားကို နျူကလီးယားနိုင်ငံအဖြစ် အသိအမှတ်ပြုပါက ဆက်ဆံရေးပြန်လည်ထူထောင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကပြောသည်။

မြောက်ကိုရီးယားအလုပ်သမားပါတီ၏ နဝမအကြိမ်မြောက်ညီလာခံအထိမ်းအမှတ်စစ်ရေးပြအခမ်းအနား၌ ကင်ဂျုံအွန်က ယခုကဲ့သို့ပြောခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံကို နျူကလီးယားနိုင်ငံအဖြစ် ထည့်သွင်းထားပြီးဖြစ်ကြောင်းနှင့် ယင်းအချက်ကို အမေရိကန်က လက်ခံပေးရမည်ဖြစ်ကြောင်း ကင်ဂျုံအွန်ကပြောသည်။

အလုပ်သမားပါတီသည်ပြီးခဲ့သည့်ငါးနှစ်အတွင်း နိုင်ငံကို နျူကလီးယားနိုင်ငံအဖြစ် အမြဲတမ်းသတ်မှတ်ခဲ့ကြောင်း၊ ကမ္ဘာကြီးလုံးဝမပြောင်းလဲသရွေ့ မည်သည့်အခြေအနေမျိုးတွင်မှ နျူကလီးယားလက်နက်များကို စွန့်လွှတ်မည်မဟုတ်ကြောင်း ကင်ဂျုံအွန်ကဆက်ပြောသည်။

တပ်မတော်၏ ပင်မအင်အားစုဖြစ်သော နျူကလီးယားတပ်ဖွဲ့များကို နှစ်စဉ်တိုးမြှင့်သွားရန်စီမံကိန်းထားရှိပြီး နျူကလီးယားလက်နက်အရေအတွက်နှင့် စစ်ဆင်ရေးနယ်ပယ်များကိုပါ ချဲ့ထွင်သွားမည်ဟု ကင်ဂျုံအွန်ကပြောထားကြောင်းသိရသည်။

Ref: ST



# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ

စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၀ ရက်**တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ်(၂ ဒသမ ၄၀၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၀၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၃ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ တကောင်းရပ်ကွက်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် မှုံအိုး (၃၀)လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၁၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၁ ရက်နှင့် ၂၃ ရက်**တို့တွင် ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၃၅၈)တန်၊ သစ်မာ (သုည ဒသမ ၃၂၂)တန်၊ အခြားသစ် (၂ ဒသမ ၇၃၄) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၃၈၈၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၄၄၃၈၈၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် တံတားဦးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့်ချမ်းမြသာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁) စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၅၉၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်**တို့တွင် မုဒုံမြို့နယ်၊ ဘဲရမ်းကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၀၉၃၈၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Toyota Hilux Vigo (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ရိုးဂိုးကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၉၂၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း၊ သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၂၈၆၂၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁၁ ရက်**တွင် ပင်းတယမြို့နယ်၊ ဟော်ကုန်းရပ်ကွက်၌ မော်တော်ယာဉ်(၉)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၀)မျိုး၊ လျှပ်စစ်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၅၈၇၉၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၄)စီး၊ Hino Truck (၂)စီး၊Super Mandalar Truck (၁)စီး၊ Toyota Hiace (၁) စီး၊ Shwe Thway MPV Micro Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၁၈၇၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လျှပ်စစ်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၈၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Chenlong Dump Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၉၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက် နှင့် ၂၄ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၂)မှု(ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၇၆၉၃၃၁၉၆)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၂-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၁၅ | ၂၅၃၀ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၇၀ | ၂၄၉၀ | ၄၅၀၅ | ၂၇၈၀ | ၂၅၀၅ | ၂၆၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၅ | ၂၈၂၀ |
| 95 Ron | ၂၄၈၀ | ၂၅၉၀ | ၂၅၆၀ | ၂၄၉၅ | ၂၆၀၀ | ၂၆၁၅ | ၂၆၃၀ | ၂၅၅၀ | ၄၅၆၀ | ၂၈၄၅ | ၂၅၆၅ | ၂၇၃၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၂၅ | ၂၈၈၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၈၀ | ၂၆၄၅ | ၂၅၈၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၂၀ | ၂၆၃၅ | - | ၂၉၃၀ | ၂၆၅၅ | ၃၀၃၅ | ၂၇၂၅ | ၂၆၉၀ | ၂၇၁၀ | ၂၉၇၀ |
| HSD (50 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၃၀၀၀ | ၂၉၁၅ | ၄၈၃၀ | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၈၄၅ | ၂၉၆၀ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၃၀၀၀ | ၂၉၁၅ | - | ၃၂၁၀ | ၂၉၃၅ | ၃၀၇၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၃ | ၂၃၄၂ |
| 95 Ron | ၂၃၂၃ | ၂၄၀၃ |
| HSD (500 ppm) | ၂၄၀၈ | ၂၄၈၆ |
| HSD (50 ppm) | ၂၆၇၉ | ၂၇၆၂ |
| HSD (10 ppm) | ၂၆၇၉ | ၂၇၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင်ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီလ ၂၇ ရက်မှ မတ်လ ၅ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင်ငွေကျပ် ၆၄၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**မြဝတီ**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၁၈-၂-၂၀၂၆ ရက်နေ့**(အစား)**၂၈-၂-၂၀၂၆ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

**ပျောက်ဆုံးကြောင်း**
မသဉ္ဇာဦး(ဘ)ဦးစိန်လှ ၇/ကတခ(နိုင်)၁၇၇၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဟန်ဇော်ထွန်း(ဘ)ဦးဖိုးဖြူ ၁၄/ပပတ(နိုင်)၁၈၃၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၂၄၂၅၂၂

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်းနေ ကောင်းထက်မျိုး(ဘ)ဦးမျိုးနိုင် ၁၂/လမတ(နိုင်)၀၃၅၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 117842)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၆၆၆၇၈

**ပျောက်ဆုံးကြောင်း**
လှိုင်သာယာ(အရှေ့)မြို့၊ အမှတ်(၅)ရပ်ကွက်၊ နဝရတ်လမ်းနေ ခက်ခက်(ဘ)ဦးမောင်ရွှေ ၁၄/မအပ(နိုင်)၃၄၅၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၁၂၄၄၁၉

**ပျောက်ဆုံးကြောင်း**
ကလေးမြို့၊ ခုံဒိုးမြို့သာကျေးရွာအုပ်စု၊ သန်ပိုကျေးရွာနေ ပါရှိသဲ(ဘ)ဦးဘွဲ့အား ၅/ကလထ(နိုင်)၂၉၉၉၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရေပူစမ်း၊ အမှတ်(၅)ရပ်ကွက်နေ မောင်ကျော်ကျော်ဝင်း(ဘ)ဦးခင်သာ ၁၂/ကမရ(နိုင်)၀၅၁၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 306606)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၉၅၄၆၉၁

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ မေတ္တာမြို့နယ်၊ တောင်သုံးလုံးကျေးရွာနေ မစန်းသဇင်ဦး(ဘ)ဦးသန်းဦး ၆/ထဝန(နိုင်)၁၅၇၀၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MDI 443340)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၇၄၅၀၀၆

**ပျောက်ဆုံးကြောင်း**
ပန်းတနော်မြို့၊ ခရေကန်ကျေးရွာနေ မသင်းသင်းဖြူ(ဘ)ဦးသိန်းတန် ၁၄/ပတန(နိုင်)၂၄၈၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၂၆၈၆၉၂

**အမည်ပြောင်း**
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ နောင်မွန်အထက်တန်းကျောင်း၊ Grade-10 မှ (ဘ)ဦးစိုင်းလောင်ခေး၏သမီး နန်းဆိုင်အွမ် ၁၃/ဆဆန(နိုင်) ၁၅၀၇၉၉ အား နန်းဆိုင်အွမ်ငင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
နန်းဆိုင်အွမ်ငင်း

**ပျောက်ဆုံးကြောင်း**
ရွှေကျင်မြို့နေ ရန်နိုင်လင်း(ဘ)ဦးလှထွေး ၇/ရကန(နိုင်)၀၈၈၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 843173)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၀၂၆၈၆၉၂

**ပျောက်ဆုံးကြောင်း**
မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်နေ မဖြူဖြူခိုင်(ဘ)ဦးစိုးတင့်အောင် ၁၃/မဆတ(နိုင်)၀၇၈၃၃၉ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 572778)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မင်းလှမြို့၊ သာယာကုန်းကျေးရွာအုပ်စုနေ မျိုးမြတ်အောင်(ဘ)ဦးတင်မောင် ၁၂/ကခက(နိုင်)၀၈၃၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၃၂၄၀၄၄

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ ခရမ်းစပ်ကုန်းကျေးရွာနေ ဦးဟိန်းစိုးလတ်(ဘ)ဦးတင်သန်း ၉/တကန(နိုင်)၂၀၄၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၁၀၅၉၃၂၃

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ ဦးပြည့်ဖြိုးဦး(ဘ)ဦးဝင်းမြင့် ၉/ပမန(နိုင်)၁၉၁၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၆၃၆၁၇၈၃

**MYINT MYAT THADAR TRAVELS & TOURS COMPANY LIMITED**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "MYINT MYAT THADAR TRAVELS & TOURS COMPANY LIMITED" ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၆-၂-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **U SAI WIN MYINT YIN** |
| **B.Com(AA);C.P.A(210)** | **Managing Director** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **MYINT MYAT THADAR TRAVELS & TOURS CO.,LTD.** |

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ**
**COOL POWER MYANMAR AIR-CONDITIONING SERVICES Co.,LTD.**
**အစုရှယ်ယာရှင်၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ (COOL POWER MYANMAR AIR–CONDITIONING SERVICES Co.,LTD.)အား (၂၆-၂-၂၀၂၆)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော်(B.Com(Q)C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးအောင်အောင်** | **ဒေါ်တင်တင်ကျော်** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **(B.Com(Q)C.P.A)** |
| **COOL POWER MYANMAR AIR–CONDITIONING SERVICES Co.,LTD.** | **Daw Tin Tin Kyaw & Group Audit Firm** |
| | အမှတ်(၄၅၀)၊ ၄လွှာ၊ ကမ်းနားလမ်းမ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

---

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

**ပျောက်ဆုံးကြောင်း**
ဇေရယ်စိုး(ဘ)ဦးအောင်လှစိုး ၇/ညလပ(နိုင်)၂၂၂၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၆၇၀၆၂၉

**ပျောက်ဆုံးကြောင်း**
ဒေါ်နုနုဝေ(ဘ)ဦးစိန်ထွန်း ၉/ဇယသ(နိုင်)၀၁၀၇၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၃၁၆၇၂၈

**ပျောက်ဆုံးကြောင်း**
နီနီမြင့်(ဘ)ဦးသန်းအေး ၁၂/သဃက(နိုင်)၁၆၂၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးအေးလွင်(ဘ)ဦးလောချောက် ၉/မကန(နိုင်)၁၆၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရဲမင်းဇော်(ဘ)ဦးဝင်းဦး ၅/အရတ(နိုင်)၁၇၈၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စောဟေမာနွင်း(ဘ)ဦးစောမောင် ၂/လကန(နိုင်)၁၀၇၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**
အထက၊ မြင်းကကွင်း၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-10 မှ ဦးမျိုးထူး ၁၄/ပသန(နိုင်)၂၆၄၉၈၇ ၏သမီး မဇွန်မီမီကိုအား မဇွန်မီကိုကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။
မဇွန်မီကိုကို

**ပျောက်ဆုံးကြောင်း**
ကျော်စွာဟိန်း(ဘ)ဦးသိန်းလှိုင် ၈/ဆပဝ(နိုင်)၁၀၈၂၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 112037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဖြူဖြူဝင်း(ဘ)ဦးကျော်အေးထွန်း ၁၁/ရသတ(နိုင်)၀၄၉၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၂၈၆၈၀၇၉

**ပျောက်ဆုံးကြောင်း**
ခင်မိုးသူ(ဘ)ဦးပြည့်ကျော်အောင် ၇/ညလပ(နိုင်)၁၁၅၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၃၅၄၉၅၉

**ပျောက်ဆုံးကြောင်း**
နေလင်းဆန်း(ဘ)ဦးစန်းအောင် ၁၂/တတန(နိုင်)၂၂၁၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရန်နောင်လတ်(ဘ)ဦးမြသန်း ၁၂/ဥကမ(နိုင်)၀၁၈၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၉၉၆၉၉၄

**ပျောက်ဆုံးကြောင်း**
ဖြိုးသူဇာလှိုင်(ဘ)ဦးဒေါ်ခေါင် ၁၃/နမတ(နိုင်)၀၆၁၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 524060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၄၁၇၂၇၁

**ပျောက်ဆုံးကြောင်း**
အောင်မျိုးကို(ဘ)ဦးဇော်ထွန်း ၈/ပခက(နိုင်)၃၂၀၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 970662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၈၀၃၈၀၈

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ICEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 မှ (ဘ)ဦးဟိန်းသူထွန်း၏သမီး မဆုထက်နဒီလင်းအား မခြူးသံစဉ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မခြူးသံစဉ်ကျော်

**ပျောက်ဆုံးကြောင်း**
ရေတာရှည်မြို့နေ မကေသွယ်မိုး(ဘ)ဦးမြင့်ဦး ၇/ရတရ(နိုင်)၂၂၀၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ ဈေးရပ်၊ ဘူတာပတ်လမ်း၊ ဦးပိုင်အမှတ်(၈/ဃ)နေ ဦးတင်မျိုးအောင်(၉/မထလ(နိုင်)၀၉၀၃၈၃)ကိုင်ဆောင်သူမှ(အလျား ၂၀'-၀"x အနံ ၃၀'-၀") Hollow တိုင်ထောင်(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၁၅၁ အရ**
**JOE YADANAR CONSTRUCTION Co.,LTD.**
**အစုရှယ်ယာရှင်၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၂၆)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ (JOE YADANAR CONSTRUCTION Co.,LTD.)အား (၂၆-၂-၂၀၂၆)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော်(B.Com(Q)C.P.A)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့ကိုနောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးခင်မောင်ရွှေ** | **ဒေါ်တင်တင်ကျော်** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **(B.Com(Q)C.P.A)** |
| **JOE YADANAR CONSTRUCTION Co.,LTD.** | **Daw Tin Tin Kyaw & Group Audit Firm** |
| | အမှတ်(၄၅၀)၊ ၄လွှာ၊ ကမ်းနားလမ်းမ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

# ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်ဖြစ်သော (မန္တလေးပွဲစဉ်) ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကိုဆက်လက်ပြုလုပ်

မန္တလေး ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ MANDALAY BUSINESS CAPITAL CITY DEVELOPMENT LTD နှင့် Bago Yoma Eco Resort တို့မှ အဓိကကူညီပံ့ပိုးသော၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၏ဒုတိယပွဲစဉ်ဖြစ်သော(မန္တလေးပွဲစဉ်) တတိယနေ့ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ပြုလုပ်သည်။



ပြိုင်ပွဲ၏ တတိယနေ့အပြီး Professional အဆင့်ပြိုင်ပွဲတွင် သီဟဌေး (HAN Golf Masters) က စုစုပေါင်းရိုက်ချက် ၂၁၀ ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၆ ချက်လျော့ရိုက်ကာ ပထမ၊ လွင်မိုးက စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၄ ချက်လျော့ရိုက်ကာ ဒုတိယ၊ ရန်မျိုးအေးက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့်တတိယတို့တွင်လည်းကောင်း၊ Senior Professional အဆင့်ပြိုင်ပွဲတွင် မင်းနိုင်က စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁ ချက်လျော့ရိုက်ကာ ပထမ၊ ကျော်မိုးက စုစုပေါင်းရိုက်ချက်၁၅၂ ချက်ဖြင့် ဒုတိယ၊ မျိုးဝင်းထွန်းက စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် တတိယတို့တွင်လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် လှိုင်မင်းထက်ကစုစုပေါင်းရိုက်ချက် ၂၂၄ ချက်ဖြင့် ပထမ၊ ပြည့်ဖြိုးအောင်က စုစုပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ဒုတိယ၊ အေးချမ်းသူက စုစုပေါင်းရိုက်ချက် ၂၂၆ ချက်ဖြင့် တတိယ၊ ဝါသနာရှင်အဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ချိုသာအောင်က ရိုက်ချက်၇၆ချက်ဖြင့်ပထမ၊ ခင်ဇာနည်အောင်က ရိုက်ချက် ၇၈ ချက်ဖြင့် ဒုတိယ၊ ခိုင်ဇင်အောင်က ရိုက်ချက် ၈၀ ချက်ဖြင့်တတိယတို့တွင်လည်းကောင်း အသီးသီးဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို မန္တလေးမြို့ရှိရေတံခွန်တောင်ဂေါက်ကွင်း၌ ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ယခုပြိုင်ပွဲကို Alpine သောက်ရေသန့်နှင့် Burmese Golf (BG) တို့ကလည်း ထပ်မံပံ့ပိုးကူညီကြကြောင်း သိရသည်။

မြဝတီ

# မကွေးတိုင်းဒေသကြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် တောင်သူလယ်သမားကြီးများကို ထိထိရောက်ရောက်ဂုဏ်ပြုနိုင်ရေးနှင့်တိုင်းဒေသကြီးအဆင့်နှင့်လျော်ညီစွာကျင်းပနိုင်ရေး၊ စည်ကားသိုက်မြိုက်စွာ အနှစ်သာရရှိရှိ အောင်မြင်စွာကျင်းပနိုင်ရေး တက်ရောက်လာသူများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးတို့က (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအစီအမံများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)


### ၂၀၂၀ ခုနှစ်၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေ(အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ

**CITIZENS SHWE GROUP Co.,LTD.**

(အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်တွင် ကျင်းပပြုလုပ်သောအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင်

၁။ ကုမ္ပဏီကို လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့်

၂။ Eaindrayshin Finance & Consulting Co.,Ltd. မှ အကြီးတန်းမန်နေဂျာ တရားလွှတ်တော်ရှေ့နေ ဒေါက်တာတတ်နေထွန်း မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းအဖွဲ့ဝင်)တရားလွှတ်တော်လိုင်စင်အမှတ်-၁၂၂၂၅/၂၀၁၇ MAIP Membership-၀၀၁၄၁ အား ၂၂-၁-၂၀၂၄ နေ့တွင်ခန့်အပ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင်ကြေညာခဲ့ပြီး ဥပဒေအရ ရရန်ပိုင်ခွင့်ရှိသူများ ဆက်သွယ်အကြောင်းကြားပေးရန်ကြေညာပြီးဖြစ်ပါသည်။

ယခုအခါ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူတစ်စုံတစ်ဦးမှ မပေါ်ပေါက်လာသည့်အတွက် ကုမ္ပဏီမှ အပြီးသတ်စာရင်းနှင့် နောက်ဆုံးအစီရင်ခံစာတင်ပြရန်အတွက် အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကုမ္ပဏီနှင့်သက်ဆိုင်သည့်သူများ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်။

နေ့ရက် - မတ်လ(၅)ရက် ၂၀၂၆
နေရာ - ကုမ္ပဏီရုံးခန်း
အခန်း(၁၂၀၁)၊ အမှတ်(၃၅၊ ၃၇၊ ၃၉)၊ ဗဟိုလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
အချိန် - နံနက်(၁၁)နာရီ



### ပျောက်ဆုံးကြောင်း
စောဖေအင်(ဘ)ဦးရှီးဖု ၃/ကဒန(နိုင်)၀၂၀၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 017733)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၄၅၉၉၄၅

### ပျောက်ဆုံးကြောင်း
ဦးကျော်လှ(ဘ)ဦးတင်ရီ ၁၂/ကမတ(နိုင်)၀၀၄၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၄၀၃၈၇

### ပျောက်ဆုံးကြောင်း
ဇွန်ဖူးဝေ(ဘ)ဦးကျော်လင်း ၁၄/ဖပန(နိုင်)၂၅၆၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 103302)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၇၉၆၅၅၈

### ပျောက်ဆုံးကြောင်း
ထက်ထက်မင်းနိုင်(ဘ)ဦးအောင်မင်းနိုင် ၁၂/ဒဂမ(နိုင်)၀၃၅၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထက်ထက်အောင်(ဘ)ဦးကြည်လေး ၁၂/သဃက(နိုင်)၁၇၁၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
တင်အောင်ကို(ဘ)ဦးကောင်းညွန့် ၁၂/လသယ(နိုင်)၀၇၁၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်
နန့်တော၊ ဟုမ္မလင်းမြို့နယ်၊ အ.ထ.က (နန့်တော)၊ Grade-7 မှ မောင်ဖြိုးခန့်ကျော်၏ ဖခင် ဦးကျော်ဝင်းစိုး၏အမည်မှန်မှာ ဦးကျော်သန့် ၅/တမန(နိုင်)၀၆၂၉၀၀ ဖြစ်ပါကြောင်း။
ဦးကျော်သန့်

### အမည်မှန်
အလက၊ ရွာဟောင်းကြီး၊ ပုသိမ်မြို့၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-8 မှ မောင်ဥက္ကာဖြိုး၏မိခင် ဒေါ်အိမွန်စိုး၏အမည်မှန်မှာ ဒေါ်အိမွန်စန်း ၁၄/ပသန(နိုင်)၂၁၈၈၄၀ ဖြစ်ပါကြောင်း။
ဒေါ်အိမွန်စန်း

### ပျောက်ဆုံးကြောင်း
မျိုးလှိုင်ဝင်း(ဘ)ဦးမျိုးညွန့် ၇/ကပက(နိုင်)၁၁၁၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၁၀၇၂၀၃

### ပျောက်ဆုံးကြောင်း
ဦးကျော်ခင်(ဘ)ဦးမောင်ကျော်မြ ၁၁/ရဗန(နိုင်)၀၅၂၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်သက်မွန်(ဘ)ဦးထွန်းဝေ ၁၂/လကန(နိုင်)၁၈၈၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၇၈၈၉၂၅

### ပျောက်ဆုံးကြောင်း
ထောင်းဇထန်(ဘ)ဦးလျန်ဆန် ၅/ကလထ(နိုင်)၃၁၆၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အေးမောင်(ဘ)ဦးမြင့်အောင်(ခ)မာမက်ဆာလေ ၁၂/တမန(နိုင်)၀၀၂၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)ဦးအောင်နိုင် ၁၂/လကန(နိုင်)၁၉၄၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၈၈၃၃၄၆

### ပျောက်ဆုံးကြောင်း
လင်းလင်းမောင်(ဘ)ဦးလှအေး ၁၂/လကန(နိုင်)၂၁၄၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၆၆၅၀၈

### ပျောက်ဆုံးကြောင်း
မိုင်ဇာခြည်ထွန်း(ဘ)ဦးထွန်းငွေ ၈/အလန(နိုင်)၂၂၄၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ယွန်းဝတီနိုင်(ဘ)ဦးစန်းနိုင် ၁၄/အမန(နိုင်)၂၀၅၂၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 438598)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၃၅၂၅၂၅၅



### လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိလုပ်ငန်းတွင်ရိုက်နှိပ်တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ရွှေတောင်ရပ်ကွက်၊ ရွှေတောင်လမ်း၊ နံပါတ် ၁၀၀ တွင် နေထိုင်သော ဦးချစ်ဝင်း(၂/လကန(နိုင်)၀၀၉၈၇၈)မှ ၎င်း၏ရေသန့်ဖြန့်ဖြူးရေးလုပ်ငန်းအား မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တင်ပို့ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ဖြန့်ဖြူးရောင်းချရာတွင် အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသား(Logo)အား တရားဝင်အတည်ပြုနိုင်ရေး ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသည်။

အဆိုပါတံဆိပ်အမှတ်အသား(Logo)အား ကန့်ကွက်လိုသည့်လုပ်ငန်းတူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်(၇)ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားအား အသုံးပြု၍ အနယ်နယ်အရပ်ရပ်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ လုပ်ငန်းတံဆိပ်အမှတ်အသားနမူနာမှာ အောက်ဖော်ပြပါတံဆိပ်အမှတ်အသားဖြစ်ပါသည်။




ဦးချစ်ဝင်း
(၂/လကန(နိုင်)၀၀၉၈၇၈)
၀၉-၄၂၆၀၉၆၆၄၆



### မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ — လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၄၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။



### ပျောက်ဆုံးကြောင်း
သက်နိုင်ဦး(ဘ)ဦးသိန်းဇော် ၁၂/ဥကတ (နိုင်)၁၈၇၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 447042)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၀၀၀၄၁၁၀

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၃ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအစစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်

အင်ငါးခွ

INNGAGWA




White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/အလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS) 09-459448201

➢ ရွှေမန်းသူ 09-254781060

➢ မန္တလေးအခြေစိုက် 09-426500153

➢ တော်ဝင် 09-423333250

➢ ပါရမီတက္ကစီ 01-3643641

➢ ကုန်စည် 09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# Union Civil Service Board
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်၊ ၁/၂၀၂၆
## ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
## (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆)ရက်

၁။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂၄)ခုတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့(ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်(သို့မဟုတ်)တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ ၂၉-၃-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်ပါသည် -

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (က) | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး** | | |
| | (၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အောက်ရှိတိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်ရုံး | ဦးစီးအရာရှိ | ၈ နေရာ |
| | (၂) ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူ ပေးရေးအဖွဲ့ရုံး | ဦးစီးအရာရှိ | ၃ နေရာ |
| (ခ) | **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး** | ဦးစီးအရာရှိ | ၂ နေရာ |
| (ဂ) | **အမျိုးသားစီမံကိန်းဝန်ကြီးဌာန** | | |
| | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၁ နေရာ |
| (ဃ) | **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | လက်ထောက်မန်နေဂျာ/ ဌာနစုမှူး(ပစ္စည်းထိန်း) **(အမျိုးသား)**/လက်ထောက် အင်ဂျင်နီယာ(မြို့ပြ)**(အမျိုးသား)** | ၅ နေရာ |
| | (၂) မြန်မာ့မီးရထား | လက်ထောက်မန်နေဂျာ(စီမံကိန်း) | ၁ နေရာ |
| | (၃) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | လက်ထောက်စာကြည့်တိုက်မှူး (စာကြည့်တိုက်ဌာန)/နည်းပြ အရာရှိ(ရေကြောင်းအင်ဂျင်နီယာ ပညာဌာန/ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာဌာန/ဆိပ်ကမ်း အင်ဂျင်နီယာပညာဌာန/ရေကြောင်း လျှပ်စစ်နှင့်အီလက်ထရောနစ်ပညာ ဌာန/ရေကြောင်းသိပ္ပံပညာဌာန/ ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာန/ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုပညာဌာန/ ဆိပ်ကမ်းစီမံခန့်ခွဲမှုပညာဌာန) | ၁၄ နေရာ |
| (င) | **ကာကွယ်ရေးဝန်ကြီးဌာန** | | |
| | ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | မန်နေဂျာ**(အမျိုးသား)** | ၁ နေရာ |
| (စ) | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | လက်ထောက်မန်နေဂျာ | ၃ နေရာ |
| | (၂) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ | ၂ နေရာ |
| | (၃) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး | ဦးစီးအရာရှိ | ၂ နေရာ |
| (ဆ) | **ပြန်ကြားရေးဝန်ကြီးဌာန** | | |
| | မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစီးအရာရှိ(ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေး/မီဒီယာ) | ၃ နေရာ |
| (ဇ) | **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန** | | |
| | (၁) အနုပညာဦးစီးဌာန | ဦးစီးအရာရှိ(အသံ)**(အမျိုးသား)** | ၁ နေရာ |
| | (၂) အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(မန္တလေး) | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) | ၁ နေရာ |
| (ဈ) | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | | |
| | (၁) စိုက်ပျိုးရေးဦးစီးဌာန | ဦးစီးအရာရှိ(စာကြည့်တိုက်) | ၁ နေရာ |
| | (၂) မွေးမြူရေးသုတေသနဦးစီးဌာန | သုတေသနအရာရှိ | ၄ နေရာ |
| | (၃) ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန | ဦးစီးအရာရှိ [(စက်မှု/လယ်ယာ)/(မွေး/ကု)] | ၄၅ နေရာ |
| | (၄) ရေဆင်းစိုက်ပျိုးတက္ကသိုလ် | ဦးစီးအရာရှိ(အားကစား)/ လက်ထောက်အင်ဂျင်နီယာ | ၂ နေရာ |
| | (၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) | လက်ထောက်ကထိက | ၅၀ နေရာ |
| (ည) | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန** | | |
| | (၁) သမဝါယမဦးစီးဌာန | ဦးစီးအရာရှိ | ၂၀ နေရာ |
| | (၂) အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအောက်ရှိတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနများနှင့်ရက်ကန်းကျောင်းများ | ဦးစီးအရာရှိ/လက်ထောက် အင်ဂျင်နီယာ/နည်းပြအရာရှိ | ၅ နေရာ |
| | (၃) ယွန်းပညာကောလိပ်(ပုဂံ) | လက်ထောက်ကထိက | ၄ နေရာ |
| | (၄) သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး) | လက်ထောက်ကထိက | ၁၆ နေရာ |
| (ဋ) | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | | |
| | (၁) သစ်တောဦးစီးဌာန | ဦးစီးအရာရှိ(သစ်တော/ငွေစာရင်း) | ၆ နေရာ |
| | (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ဦးစီးအရာရှိ | ၁၀ နေရာ |
| | (၃) သတ္တုတွင်းဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ **(အမျိုးသား)** | ၇ နေရာ |
| | (၄) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ (သတ္တုတွင်း/သတ္တု) | ၁၅ နေရာ |
| | (၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | လက်ထောက်မန်နေဂျာ (သတ္တုတွင်း/သတ္တု) **(အမျိုးသား)** | ၈ နေရာ |
| (ဌ) | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | | |
| | (၁) လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာ) | ၁ နေရာ |
| | (၂) ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန | ဦးစီးအရာရှိ(မိုင်း)**(အမျိုးသား)**/ ဦးစီးအရာရှိ(ငွေစာရင်း/ ကွန်ပျူတာ) | ၃ နေရာ |
| | (၃) လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | လက်ထောက်အင်ဂျင်နီယာ (စက်မှု/လျှပ်စစ်)**(အမျိုးသား/ အမျိုးသမီး)** | ၁၇ နေရာ |
| | (၄) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ဦးစီးအရာရှိ(ဘဏ္ဍာ/ပစ္စည်း)/ လက်ထောက်အင်ဂျင်နီယာ **(အမျိုးသား/အမျိုးသမီး)** | ၃၉ နေရာ |
| | (၅) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) | ၁၀ နေရာ |
| | (၆) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | လက်ထောက်မန်နေဂျာ (ဘဏ္ဍာ) | ၃ နေရာ |
| (ဍ) | **စွမ်းအင်ဝန်ကြီးဌာန** | | |
| | (၁) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း | လက်ထောက်မန်နေဂျာ **(အမျိုးသား)**/လက်ထောက် သုတေသနအရာရှိ/လက်ထောက် အင်ဂျင်နီယာ(ပိုက်လိုင်း) **(အမျိုးသား)** | ၃ နေရာ |
| | (၂) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း | ဌာနခွဲမှူး(ဘဏ္ဍာရေး)/ ဌာနခွဲမှူး/အလုပ်ရုံခွဲမှူး | ၁၁ နေရာ |
| (ဎ) | **စက်မှုဝန်ကြီးဌာန** | | |
| | အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) | အလုပ်ရုံခွဲမှူး | ၄ နေရာ |
| (ဏ) | **အလုပ်သမားဝန်ကြီးဌာန** | | |
| | (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | ဦးစီးအရာရှိ/နည်းပြအရာရှိ | ၅ နေရာ |
| | (၂) အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန | ဦးစီးအရာရှိ(ဥပဒေ/အလုပ်ရုံ) | ၄ နေရာ |
| (တ) | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** | | |
| | (၁) စားသုံးသူရေးရာဦးစီးဌာန | ဦးစီးအရာရှိ | ၃ နေရာ |
| | (၂) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဦးစီးအရာရှိ | ၆ နေရာ |
| (ထ) | **ပညာရေးဝန်ကြီးဌာန** | | |
| | မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | ဦးစီးအရာရှိ/စာတည်း (တိုင်းရင်းသား/ဘာသာပြန်) | ၄ နေရာ |
| (ဒ) | **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန** | | |
| | (၁) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန | လက်ထောက်ကထိက | ၉၁ နေရာ |
| | (၂) အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန | လက်ထောက်ကထိက | ၉၄ နေရာ |
| (ဓ) | **အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန** | | |
| | အားကစားနှင့်ကာယပညာဦးစီးဌာန | လက်ထောက်အင်ဂျင်နီယာ | ၄ နေရာ |
| (န) | **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန** | | |
| | ဝန်ကြီးရုံး | ဦးစီးအရာရှိ | ၁ နေရာ |
| (ပ) | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | | |
| | (၁) လမ်းဦးစီးဌာန | ဦးစီးအရာရှိ(မြို့ပြ) **(အမျိုးသား/အမျိုးသမီး)** | ၁၀ နေရာ |
| | (၂) တံတားဦးစီးဌာန | ဦးစီးအရာရှိ(စီမံ/ဥပဒေ) **(အမျိုးသား/အမျိုးသမီး)** | ၅ နေရာ |
| | (၃) အဆောက်အဦဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာရေး/မြို့ပြ/ ရေသန့်/သုတေသန) | ၅ နေရာ |
| | (၄) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ဦးစီးအရာရှိ(ဘဏ္ဍာရေး/မြို့ပြ/ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး)/ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ/ရေသန့်/လျှပ်စစ်) | ၁၅ နေရာ |
| (ဖ) | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** | | |
| | (၁) လူမှုဝန်ထမ်းဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၁၅ နေရာ |
| | (၂) ပြန်လည်ထူထောင်ရေးဦးစီးဌာန | ဦးစီးအရာရှိ **(အမျိုးသား/အမျိုးသမီး)** | ၁၀ နေရာ |
| (ဗ) | **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး** | ဦးစီးအရာရှိ | ၄ နေရာ |
| (ဘ) | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ဦးစီးအရာရှိ/လုပ်ငန်းအရာရှိ (ငွေတိုက်) | ၃၆ နေရာ |

၂။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၂၄)ခုရှိ လစ်လပ်ရာထူးနေရာများအတွက် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ(ဇ)အရ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက လက်ခံရယူလိုခြင်းမရှိပါကြောင်း ဖော်ပြထားပါသည်။ ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည် မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**၃။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက်(၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**

**၄။ လျှောက်ထားသူများအနေဖြင့် မိမိတို့လျှောက်ထားသည့် ရာထူး၊ ဌာနတွင် ရွေးချယ်ခြင်းမခံရဘဲ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အခြားရာထူး၊ ဌာနတွင် ရွေးချယ်ခြင်းခံရပါက သဘောတူ-မတူကို လျှောက်လွှာ၌ ရေးသားဖြည့်သွင်းဖော်ပြရန်ဖြစ်ပါသည်။**

၅။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **Myanmar Web Portal**-www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ (၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/ ၀၉-၇၉၇၇၂၇၆၉၆/ ၀၉-၂၅၄၃၄၇၂၀၉ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။


**ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးခရိုင်ပညာရေးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ဝင်းမော်ဌေး ၈/နမန(နိုင်)၀၈၉၃၄၃ ၏ဖခင် ဦးဗိုလ်နက်(ခ)ဦးဘိုနက်မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဗိုလ်နက်(ခ)ဦးဘိုနက်**

**မွေးသက္ကရာဇ်အမှန်**

ကျိုင်းတုံမြို့နယ်၊ နမ့်ခတ်ကျေးရွာနေ အဘ ဦးကျဟဲ၏သမီး မအေးလ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၇-၂၀၁၁ ဖြစ်ပါကြောင်း။

၁-၇-၂၀၁၁

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၄)ကျိုင်းတုံ Grade-11(A) တွင် ပညာသင်ကြားနေသော မမာဂါဒါလ၏ဖခင်အမည်မှန်မှာ ဦးအားဂါ ၁၃/ကတန(နိုင်)၁၁၀၁၂၉ ဖြစ်ပါကြောင်း။

**ဦးအားဂါ**

**ပျောက်ဆုံးကြောင်း**

ဇင်ထက်အောင်(ဘ)ဦးမျိုးမြင့်အောင် ၁၄/ကခန(နိုင်)၀၇၈၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၇၇၅၅၀၁

**ပျောက်ဆုံးကြောင်း**

ချစ်ကိုကို(ဘ)ဦးထွေးသန်း ၅/ခဥန(နိုင်)၁၄၇၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၅၇၇၅၅၀၁

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

( ဂ ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၇-၂-၂၀၂၆ ရက်နေ့မှ ၂၁-၄-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

'နင်သိလား မိသက်၊ ဘက်ဖိုးက ဦးတင်ရွှေဆိုတဲ့ လူကြီးကလေ ဆေးရုံတက်ရတာ သုံးခါရှိပြီတဲ့'

'ဘာဖြစ်တာလဲ'

'ကားကြိတ်တာလေဟယ်၊ ပထမခြေထောက်နှစ်ချောင်းစလုံးကို ဒူးအောက်ကဖြတ်လိုက်ရရော၊ ချိုင်းထောက်နဲ့သွားနေရတာပေါ့၊ အဲဒါတစ်ခါ၊ အိမ်ပေါ်ထပ်ကလိမ့်ကျပြီး ပေါင်ရိုးအက်ပြန်ရော၊ ဒီတော့ တစ်ခါ ဒူးအထက်ကထပ်ဖြတ်၊ အဲဒါတစ်ခါ၊ ခြင်ဆီလိုက်ပြန်လို့ နောက်တစ်ခါဖြတ်၊ အခု သူ့ခြေထောက်နှစ်ဖက်စလုံး ငုတ်တိုလေးပဲကျန်တယ်၊ အဖြစ်ကဟယ် ကြောက်စရာ၊ တစ်ခါတည်းဖြတ်ရတာဆို တော်သေး'

သက်သက်၏ပခုံးလေးနှစ်ဖက်သည် အလိုလိုကျုံ့ဝင်သွားပြီး သက်ပြင်းလေးချလိုက်မိသည်။ နန်းမိုးအေးပြောသောလူနာကို သူသိသော်လည်း ထိုကဲ့သို့ ထပ်တလဲလဲဖြတ်ရသောအကြောင်းကိုကား သိမထားပေ။

'ဝဋ်ကြီးလိုက်တာနော်'

'အဲဒါလေ သူအရင်ဘဝက မိကျောင်းသားရောင်းဖူးတယ်ထင်တယ် သိလား နန်းမိုး'

'ဘာဆိုင်လို့လဲဟယ်'

'မိကျောင်းသားရောင်းရင် အရှင်ခုတ်ရောင်းရတယ်တဲ့၊ အသေသားဆိုရင် ပုပ်လွယ်လို့တဲ့၊ မိကျောင်းကိုကြိုးနဲ့မလှုပ်နိုင်အောင်တုပ်ထားပြီး ဝယ်သူလာမှ အမြီးပိုင်းကစပြီး ခုတ်ရောင်းတာ၊ ခုတ်လိုက်တိုင်း အဲဒီမိကျောင်းက မျက်လုံးလေး မှိတ်မှိတ်သွားတယ်တဲ့၊ အသံထွက်ပြီးမှ မအော်နိုင်တာလေ'

'တော်တော့ဟယ်၊ ကြောက်တယ်'

နန်းမိုးအေးက မျက်စိမျက်နှာပျက်လာသည်။ အရှင်လတ်လတ် အပိုင်းပိုင်းအခုတ်ခံရသော မိကျောင်းနေရာတွင် ကိုယ်တိုင်ဝင်ခံစားပြီး အသည်းနှလုံးများ ဖျပ်ဖျပ်လူးသွားဟန်ရှိလေသည်။ သို့သော် သူက တော်တော့ဟုပြောပြီး သူကပင် ဆက်၍မေးသည်။

'နင့်ဘယ်သူပြောလဲဟင်'

'ကိုကိုပြောတာ၊ ဟိုလေ ကိုကျော်ထွန်းညို'

သက်သက်က ကိုကို့အား သတိရလာသည်။ ဒီအချိန်ဆိုလျှင် သူတို့မောင်နှမတစ်တွေ အိပ်မောကျလောက်ပေပြီ။ အမာညို၏အပြောအတိုင်း ပြောရမည်ဆိုလျှင် သန်းခေါင်ကျော်နေမှတော့ သူတို့ညီအစ်ကို၏ပုဆိုးများသည် လည်ပင်းတက်စွပ်နေပြီး တခေါခေါဟောက်နေလောက်ပြီဟု ပြောရမည်ဖြစ်သည်။

'ဘာလဲ ဟိုတစ်ခါ ငါတို့ကိုငမ်းချင်လို့ဆိုပြီး လာတယ်ဆိုတဲ့လူလား၊ ချောတယ်လေ'

'ဟုတ်ဘူး၊ အဲဒါက ညီလင်းညို'

'မိသက်ကြီးက စွံတယ်ဟယ်၊ မနေ့တုန်းကလည်း လူတစ်ယောက် နှင်းဆီပန်းတွေလာပို့သွားတယ်ဆို'

'အဲ အဲဒါက နွေသူရိန်'

သက်သက်သည် နွေသူရိန်ပေးသွားသော နှင်းဆီပန်းအဝါလေးများကို ပန်းအိုးတွင်ဝေနေအောင် ထိုးလိုက်ရသည်။ နွေသူရိန်က ပြောသွားသေးသည်။ အမာညို၏မင်္ဂလာဆောင်တုန်းက နှင်းဆီအဝါလေးတစ်ပွင့်ပန်ထားသည်မှာ လှလွန်းသောကြောင့် သူက အဝါရောင်နှင်းဆီကိုမှ ရှာပြီးပေးခြင်းဖြစ်သည်ဟုဆိုသည်။

'အဲဒီလူကရော နင့်ကိုကြိုက်နေလား'

'သိပါဘူးဟယ်'

နှုတ်ကသာ မသိဘူးဟုပြောလိုက်သော်လည်း နွေသူရိန်၏သဘောထားက မရိုးသားကြောင်း သက်သက်သိသည်။ ဒီအသက် ဒီအရွယ်ရောက်နေမှတော့ ယောကျ်ားပျိုတစ်ဦးက မိမိအပေါ် လိုသည်ထက်ပိုပြီးစိတ်ဝင်စားနေလျှင်၊ ဂရုစိုက်နေလျှင် ဘာကြောင့်နည်း မိန်းမပျိုတိုင်းသိကြသည်သာဖြစ်လေသည်။

သက်သက်သည် လက်ကောက်ဝတ်အထက် နားကျကျတွင် ပတ်ထားသောနာရီကို ငုံ့၍ကြည့်လိုက်သည်။ တစ်နာရီပင်ကျော်လုပေပြီ။ မှေးစင်းချင်လာသော မျက်လုံးများကိုပွတ်ကာ နေရာမှထလိုက်သည်။

'ပေးရှင့်တွေကို လှည့်ကြည့်လိုက်ဦးမယ်၊ နင်လိုက်မလား'

'အေး လိုက်မယ်'

နန်းမိုးအေးသည် ချက်ချင်းနေရာမှထသည်။ ထို့နောက် လက်ဆေးကြွေဇလုံသို့သွားကာ မျက်လုံးကိုရေဆွတ်လိုက်လေသည်။ လောကကြီးတစ်ခုလုံး အိပ်မောကျနေချိန်ဝယ် တာဝန်အပြည့်နှင့်နိုးကြားနေရသောသူတို့သည် ယောင်၍မျှမငိုက်မိအောင် သတိထားနေကြရသည်။ အနည်းငယ်အိပ်ချင်လာသည်နှင့် လူနာများဆီသို့လျှောက်သွားကာ ကြည့်ရှုအကဲခတ်လေ့ရှိသည်ကတော့ သက်သက်၏အကျင့်ဖြစ်သည်။ ရီဝေထိုင်းမှိုင်းနေသော အိပ်ချင်စိတ်ကို တာဝန်သိစိတ်ဖြင့်မောင်းထုတ်ပစ်ရလေသည်။

သူတို့နှစ်ဦးသည် လူနာဆောင်ထဲသို့ ယှဉ်လျက်ဝင်လာကြသည်။ လူနာစောင့်များသည် ခုတင်ဘေးတွင် ခုံကလေးများဆက်ကာ ကွေးကွေးလေးအိပ်နေကြသည်။ တချို့လည်း ခုတင်ပေါ်ခေါင်းတင်ကာ ထိုင်လျက်ငိုက်နေကြလေသည်။ အရိုးကျိုးလူနာများသည် မသွားနိုင်၊ မလာနိုင်သူများဖြစ်သည်။ တချို့ဆိုလျှင် လှုပ်ပင်မလှုပ်ရသူများမို့ အစစအရာရာ အကူအညီလိုသည်။ လူနာစောင့်မရှိလျှင် မဖြစ်သလောက် လိုအပ်လေသည်။

'စားပါဦးလား ဆရာမလေး'

ညလယ်စာ ထစားနေသောလူနာစောင့်တစ်ဦးက သူ့လက်မှ မုန့်ကြွပ်ကြီးကို ထောင်ပြရင်းပြောသည်။

'ဆာလွန်းလို့ ရင်ထဲမှာပူနေတာပဲ ဆရာမရဲ့'

'စားပါ ဦးလေး စားပါ'

ယောကျ်ားဆောင်တွင် အေးအေးဆေးဆေး အိပ်နေကြ၍ သူတို့နှစ်ဦး မိန်းမဆောင်ဘက်သို့ကူးခဲ့ကြသည်။ အဆောင်နှစ်ခုကြား လွတ်နေသောခုတင်ပေါ်တွင် အဘိုးကြီးတစ်ဦးအိပ်နေသည်။ ထိုအဘိုးကြီးသည် လူနာစောင့်ပင်ဖြစ်သည်။ သို့သော် သူ့လူနာသည် ယောကျ်ားမဟုတ်ပေ။ ၁၃ နှစ်ခန့်ရှိ သူ့မြေးမလေးဖြစ်သည်။ တစ်လောကလုံး မြေးအဘိုးနှစ်ဦးသာဆွေမျိုးရှိသည်။ အဘိုးကြီးက မျက်စိမှုန်တိမှုန်ဝါးသာမြင်ရ၍ ကောင်မလေးက အကြော်ရောင်း၍ကျွေးရလေသည်။ တစ်နေ့တွင် အကြော်ဗန်းရွက်ရင်း ကားလမ်းဖြတ်အကူးတွင် ငှက်ပျောခွံနင်းမိ၍ လျှောခနဲလဲလေသည်။ ကံကောင်းထောက်မ၍ ကားအကြိတ်မခံရသော်လည်း သူ့ခမျာ လဲနေသည့်နေရာက မထနိုင်တော့ဘဲ ဆေးရုံရောက်ခဲ့ရလေသည်။ ခါးရိုးကျိုးသွားခြင်းဖြစ်၍ အချိန်ယူကုရသည်။ လူနာစောင့်မည့်အမျိုးလည်းမရှိ၊ လူနာစောင့်ငှားရန်လည်း ငွေမတတ်နိုင်ချေ။ အဘိုးအိုက မျက်ရည်တစမ်းစမ်းနှင့်ဆေးရုံလိုက်လာပြီး ချုံးပွဲချငိုသောအခါ ဆရာဝန်၊ ဆရာမတို့က မိန်းမလူနာကို ယောကျ်ားအစောင့် မစောင့်ရသော်လည်း သူတို့ကို ခြွင်းချက်အဖြစ် ခွင့်ပေးကြရလေသည်။ အဘိုးကြီးခမျာမှာလည်း ကန်းလုလု၊ တုန်ချည့်ချည့်ကြီးမို့ စတပ်ဖ်ကဆိုလျှင် 'ဟဲ့ လူနာကို လူနာက လာစောင့်နေတယ်ဟဲ့'ဟု မချိတင်ကဲပြောတတ်သည်။ ထုံးစံအတိုင်းဆိုလျှင် လူနာကိုသာ ဆေးရုံက ထမင်းကျွေးခြင်းဖြစ်သော်လည်း သူတို့ကိုမူ နှစ်ဦးစလုံးကို ဆေးရုံမှ ကျွေးထားရလေသည်။

'နေပါဦး မိသက်ရဲ့ ခုန နင်ပြောတဲ့ နွေသူရိန်ဆိုတာ ကဗျာဆရာဆို ဟုတ်လား'

'အင်း'

ခြေရင်းဘက်ရောက်နေသောစောင်ကိုယူပြီး အဘိုးကြီးကိုလွှမ်းခြုံပေးလိုက်ရင်း နန်းမိုးအေးက ပြတ်သွားသောစကားစကို ပြန်ကောက်သည်။

အဘိုးကြီးနိုးသွားမည်စိုးသဖြင့် တိုးတိုးလေးပြောသည်။

'ငါတို့ သူနာပြုလေးတွေအကြောင်း ချီးမွမ်းပြီး ကဗျာစပ်ဖူးသေးတယ်ဆိုတာ သူလား'

'အင်း'

သက်သက်သည် နွေသူရိန်၏ကဗျာလေးကို စိတ်ထဲမှပြန်လည်ရွတ်ကြည့်နေမိသည်။ ကဗျာလင်္ကာကို ဝါသနာမပါသော်လည်း ထိုကဗျာလေးကိုမူ သူ အလွတ်ရလေသည်။ အမာညိုကမူ နွေသူရိန်ကို အတော်လေးမြင်ပြင်းကတ်ပုံရသည်။ 'မိသက်နော် နင် နွေသူရိန်ကို မကြိုက်ရဘူးနော်၊ ကိုကို့ကို သစ္စာမဖောက်ရဘူး' ဟု နိုင်ထက်စီးနင်းလေးကြိမ်းသည်။

'ဆရာမ ဆရာမ'

လူနာစောင့်တစ်ဦးက သူတို့ကို မဝံ့မရဲခေါ်သည်။

'ဘာဖြစ်လို့လဲဟင်'

'ဟို ဟို အစ်မ ကိုယ်တွေပူနေလို့'

သူတို့နှစ်ဦးစလုံး ခုတင်ပေါ်မှ လူနာဆီသို့ ခပ်သွက်သွက်ကပ်သွားကြသည်။ ထိုလူနာသည် ပြီးခဲ့သောတစ်ပတ်က ခွဲစိတ်ထား၍ ချုပ်ရိုးပင်ဖြေရသေးသူမဟုတ်ချေ။ အဖျားသွေးဝင်လျှင် မကောင်းချေ။ အတွေ့အကြုံများနေပြီဖြစ်၍ သက်သက်သည် သူ့နဖူးကိုအုပ်၍စမ်းလိုက်သည်နှင့် အဖျားသွေးတစ်ရာကျော်ကျော်ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဆိပ်ဖြူမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသား ကျောင်းသူများအား နွေရာသီပန်းချီသင်တန်းဖွင့်လှစ်သင်ကြား



ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နွေရာသီပန်းချီသင်တန်းကို ဖေဖော်ဝါရီလ ၂၅ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြန်ကြားဆက်ဆံ ဒို့အားမာန် သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်းက နွေရာသီ ပန်းချီသင်တန်းဖွင့်လှစ်ရခြင်းအတွက် ဝမ်းမြောက်စကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရေး သက်ဆိုင်ရာဌာနများမှ ဖွင့်လှစ်ပေးသည့် သင်တန်းများကို တက်ရောက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန္ဒာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကိုပြောကြားပြီး ဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ နွေရာသီပန်းချီသင်တန်းသို့ အခြေခံပညာကျောင်းများမှ အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး အခြေခံပန်းချီနှင့် အဆင့်မြင့်ပန်းချီရေးဆွဲနည်းတို့ကို ပန်းချီပညာရှင်များက သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကိုဖွဲ့(အညာမြေ)**

❖ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ် . . .

❖ မိမိတို့နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟုပြောနိုင် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေး၊ ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ်၊ စာမျက်နှာ ၁၆ ကော်လံ ၁ ▼



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်ငါးဆူကို ရွှေသင်္ကန်းများကပ်လှူပူဇော်စဉ်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးသူများတွင် လူငယ်များပါဝင်မှု ရာခိုင်နှုန်းများပြား




နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း(၃)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း နိုင်ငံရေးပါတီများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း စာမျက်နှာ ၁၆ ကော်လံ ၁ ◆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်၏ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးမှု စာ - ၆ သို့

အမေရိကန်က ပဲပုပ်များကို မြန်မာအပါအဝင် အရှေ့တောင်အာရှဒေသသို့ ပိုမိုတိုးမြှင့်တင်ပို့လာနေရ စာ - ၂၄ သို့

မြဝတီမြို့နယ်၊ မေတ္တာလင်းမြိုင်ကျေးရွာအနီး Online လိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ စာ - ၂၂ သို့

